ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်၊ တနင်္လာနေ့၊ (6-3-2006) (၄၈၉၁)

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဂါနာသမ္မတနိုင်ငံ လွတ်လပ်ရေးနေ့တွင် သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၆

၂၀၀၆ခုနှစ် မတ် ၆ ရက်တွင် ကျရောက်သော ဂါနာသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဂါနာသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျွန် အေဂျေကွမ် ကူဖိုး ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ

## ရန်ကုန်အရှေ့ပိုင်းခရိုင် ခြစည်းရိုးကြက်ဆူပင် ပျိုးပွဲတော်ဖွင့်ပွဲ တက်ရောက်အားပေး
## ခရိုင်တစ်ခုလုံးတွင် ခြစည်းရိုးကြက်ဆူပင် ဧက ၇၀၀၀ ကျော် စိုက်ပျိုးသွားရန် ရည်မှန်းထား

ရန်ကုန် မတ် ၅

**ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခြစည်းရိုးကြက်ဆူပင်ပျိုးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စက်မှုဇုန်(၁)ရှိ စိုးလျှပ်စစ်စက်ရုံဝင်းအတွင်း၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အားပေးချီးမြှင့်သည်။**

### တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်း၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အတွင်းရှိ တက္ကသိုလ်၊ ကောလိပ်နှင့် ဆေးရုံများမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် ဆေးရုံအုပ်ကြီးများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် စက်မှုဇုန်များမှ ဝန်ထမ်းများ စုစုပေါင်းအင်အား ၅၀၀၀ ကျော် တက်ရောက်ကြသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ***



**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းတို့ ပျိုးဥယျာဉ်အတွင်း လူမှုရေးအသင်း အဖွဲ့ဝင် များက ခြစည်းရိုးကြက်ဆူပင်စုပေါင်း ပျိုးထောင်နေမှုကို ကြည့်ရှုအားပေးစဉ်။**

(သတင်းစဉ်)

**ကြေးမုံ The Mirror ခေါင်းကြီး၊ ဆောင်းပါး အညွှန်း**

☆ *မြန်မာနိုင်ငံအထက်ပိုင်း၊ အလယ်ပိုင်းနှင့် မိုးနည်းရေရှားဒေသများတွင် အကြီးစား၊ အလတ်စားနှင့် အငယ်စား ရေလှောင်တမံ စီမံကိန်းများ၊ မြစ်ရေတင်စီမံကိန်းများကို သဘာဝရေမြေ အခြေအနေပေးမှုနှင့်အညီ ဖြန့်ကြက်တည်ဆောက်ပေးနေသည်။ မြန်မာနိုင်ငံ အောက်ပိုင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းပမာဏ ကြီးမားကျယ်ပြန့်သောဒေသများတွင် ဆည်မြောင်းတာတမံများ၊ ရေထိန်းတံခါးများ တည်ဆောက်၍ စိုက်ပျိုးရေပေးဝေခြင်းနှင့် ရေဘေးကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။* ခေါင်းကြီး (စာမျက်နှာ-၂)

☆ *နောက်ကျော၊ ခါးရိုးနာခြင်း၊ ခါးကုန်းပြီး အရပ် တဖြည်းဖြည်းပုခြင်း၊ ကျောရိုး၊ လက်ဖျံရိုး၊ တင်ပါးဆုံရိုးတို့ ကျိုးခြင်းတို့ ဖြစ်ပေါ်လာလျှင် ဆရာဝန်ကို ချက်ချင်းပြမှ ဖြစ်မည်။ ဓာတ်မှန်ရိုက်ကြည့်လျှင် အရိုးပွနေသည်ကို တွေ့ရမည်ဖြစ်သည်။*
ယုဝတီခင်ဦး၏ **"အရိုးပွ၊ အရိုးကျိုးရောဂါ သိကောင်းစရာ"**

ဆောင်းပါး (စာမျက်နှာ-၃)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror

၆-၃-၂၀၀၆
(တနင်္လာနေ့)

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# (၆၁) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့် အတူတကွ လက်တွဲကြိုးပမ်း ဆောင်ရွက်ရေး၊

၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ကျရာ တာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး၊

၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး၊

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည် ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး၊

## စိုက်ပျိုးရေရရှိမှု အခြေခံကောင်းများ အပြည့်အဝအသုံးချ သီးထပ် သီးညှပ် သီးနှံများ ပိုမိုတိုးချဲ့စိုက်ပျိုး

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးဖြစ်ထွန်းသော လယ်ယာစိုက်ပျိုးရေး အခြေခံနိုင်ငံဖြစ်သည်။ ထို့အပြင် စိုက်ပျိုးရေး ကဏ္ဍသည် နိုင်ငံတော် လူဦးရေ၏အများစုဖြစ်သည့် တောင်သူလယ်သမားများ၏ စားဝတ်နေရေး ဖူလုံပြည့်စုံရေးအတွက်သာမက အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးအတွက်ပါ ပဓာနကျသော အရင်းအမြစ်တစ်ခု ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က စီးပွားရေးဖွံ့ဖြိုးမှု၏ ပင်မမဏ္ဍိုင်ဖြစ်သည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှု တိုးတက်မြင့်မားရေး အတွက် အဘက်ဘက်က အားပေးကူညီ ဖြည့်ဆည်းပေးလျက် ရှိသည်။ အထူးသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ၏ အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံအထက်ပိုင်း၊ အလယ်ပိုင်းနှင့် မိုးနည်းရေရှားဒေသများတွင် အကြီးစား၊ အလတ်စားနှင့် အငယ်စား ရေလှောင်တမံ စီမံကိန်းများ၊ မြစ်ရေတင်စီမံကိန်းများကို သဘာဝရေမြေ အခြေအနေပေးမှုနှင့်အညီ ဖြန့်ကြက်တည်ဆောက်ပေးနေသည်။

မြန်မာနိုင်ငံအောက်ပိုင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းပမာဏ ကြီးမားကျယ်ပြန့်သော ဒေသများတွင် ဆည်မြောင်းတာတမံများ၊ ရေထိန်းတံခါးများတည်ဆောက်၍ စိုက်ပျိုးရေပေးဝေခြင်းနှင့် ရေဘေးကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တည်ဆောက်ပြီးစီးသွားသည့် မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ ရင်းငြိမ်ရေထိန်းတံခါးကို ဖေဖော်ဝါရီလ ၂၇ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ ရင်းငြိမ်ရေထိန်းတံခါးသည် ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် နိုင်ငံတစ်ဝန်း၌ ဖြန့်ကြက်တည်ဆောက်ပေးခဲ့သည့် ဆည်တမံလုပ်ငန်းများအနက် ၁၈၃ ခုမြောက် ရေထိန်းတံခါးဖြစ်သည်။

အဆိုပါ ရေထိန်းတံခါးကို တည်ဆောက်ပေးသည့်အတွက် မိုးကာလ၌ လယ်မြေများ ရေကြီးရေလွှမ်းမိုးခြင်းတို့မှ ကာကွယ်ပေးနိုင်မည့်အပြင် စိုက်ပျိုးမြေဧက ၂၀၀၀၀ ၌ သီးနှံများ ပိုမိုစိုက်ပျိုး ထုတ်လုပ်လာနိုင်တော့မည်ဖြစ်သည်။ မွန်ပြည်နယ်အတွင်း ရင်းငြိမ်ရေထိန်းတံခါး အပါအဝင် အဇင်းရေလှောင်တမံ၊ ဝါးပါးရေလှောင်တမံ၊ ဘီးလင်းရေလွှဲဆည်၊ ရွှေနတ်တောင်ရေလှောင်တမံ၊ ဝင်းဖနုံရေလှောင်တမံ၊ ဇိုက္ကရဲရေထိန်းတံခါးနှင့် ကျုံထော်ရေထိန်းတံခါးတို့ကို တည်ဆောက်ပေးထားပြီးဖြစ်ရာ စိုက်ပျိုးမြေဧက ၈၄၀၀၀ ကို အကျိုးပြုနေပြီ ဖြစ်သည်။

နိုင်ငံတော်က စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များကို ယခုကဲ့သို့ တည်ဆောက်ဖြည့်ဆည်းပေးမှုများကြောင့် မွန်ပြည်နယ်၏ စိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်လျက်ရှိသည်။ ၂၀၀၅-၂၀၀၆ ခုနှစ်က မိုးစပါးဧက ရှစ်သိန်းကျော်နှင့် နွေစပါးဧက တစ်သိန်းကျော် စိုက်ပျိုးနိုင်ပြီး ယခုနှစ် စိုက်ပျိုးရာသီတွင် မိုးစပါး ဧက ၁၀ သိန်းပြည့်မီစွာ စိုက်ပျိုးနိုင်ရေး စီစဉ်ထားသည်။

စပါးအပြင် အခြားသီးနှံများဖြစ်သည့် မိုးမြေပဲ၊ ဆောင်းမြေပဲ၊ မိုးနှမ်း၊ ဆောင်းနှမ်း၊ နေကြာ၊ ပဲမျိုးစုံ၊ ကြံ၊ ရော်ဘာနှင့် ငရုတ်ကောင်းတို့ကိုလည်း တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။

ထို့အပြင် ဇီဝလောင်စာဆီထုတ်လုပ်နိုင်ရေးအတွက် ခြစ်ညည်းရိုး ကြက်ဆူပင်များကို ၂၀၀၆ခုနှစ်မှစတင်၍ သုံးနှစ်အတွင်း ဧက ငါးသိန်း ပြည့်မီစွာ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ တောင်သူလယ်သမားများနှင့် တာဝန်ရှိသူအသီးသီးတို့က ဒေသ၏ ရေမြေရာသီဥတုကောင်းမွန်မှု၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာနှင့် စိုက်ပျိုးရေရရှိနေမှု အခြေခံကောင်းများကို အပြည့်အဝ အသုံးချပြီး ကျေးလက်ပြည်သူများ၏ လူမှုစီးပွား တိုးတက်မြင့်မားလာရေးအတွက် သီးထပ် သီးညှပ် သီးနှံများ ပိုမိုတိုးချဲ့ စိုက်ပျိုးသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

## ရန်ကုန်အရှေ့ပိုင်းခရိုင် နဝမနှစ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ် (၂၀၀၆) လှုပ်ရှားမှုအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၅

**ရန်ကုန်အရှေ့ပိုင်းခရိုင် ကျန်းမာရေးကော်မတီနှင့် ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ကြီးမှူးကျင်းပသော ရန်ကုန်အရှေ့ပိုင်းခရိုင် နဝမနှစ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ် (၂၀၀၆)လှုပ်ရှားမှု အခမ်းအနားကို ယမန်နေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကင်းမြို့နယ်ရှိ ရန်ကင်းပညာရေးကောလိပ်၊ မြတ်ပညာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ အမှာစကား ပြောကြားသည်။**

### ပေးအပ်

ထို့နောက် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်က ခရိုင်အတွင်းရှိ မြို့နယ်များမှ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာများကို ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေထံ ပေးအပ်သည်။

### ဆုချီးမြှင့်

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက ၂၀၀၅ ခုနှစ်အတွင်း အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ပထမဆုရရှိသည့် သဃ်န်းကျွန်းမြို့နယ်၊ ဒုတိယဆုရရှိသည့် မြောက်ဥက္ကလာပမြို့နယ်နှင့် တတိယဆုရရှိသည့် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာမူမူညိုက ရန်ကုန်အရှေ့ပိုင်း ခရိုင်အတွင်း ဆောင်ရွက်လျက်ရှိသည့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဧည့်သည်များအား ပတ်ဝန်းကျင် သန့်ရှင်းရေး ပညာပေးဗီဒီယိုဖြင့် ပြသသည်။

### ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ နှင့်ဧည့်သည်များသည် မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများထံ ယင်းလုံအိမ်သာသုံး ခွက်များဝေငှပေးအပ်နေမှုနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် ခရိုင်အတွင်းရှိ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများ၏ နဝမနှစ် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး ရက်သတ္တ ပတ်လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

### ဆုချီးမြှင့်

ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ ၂၀၀၅ ခုနှစ် အတွင်း အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ထူးချွန်ဆု ရရှိသည့် မြို့နယ်တစ်မြို့နယ်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)






## အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ၂၀၀၆ ခုနှစ်၊ မတ်လ (၈)ရက်

ရန်ကုန်မြို့ ဆူးလေစေတီတော်ကြီး ရွှေသင်္ကန်းကပ်လှူရေး လုပ်ငန်းအတွက် အလှူရှင်များလှူဒါန်းနိုင်ရန် မတ် ၄ ရက်က စေတီတော်ရင်ပြင်နှင့် မုခ်လေးမုခ်၌ အလှူခံနေရာများဖွင့်လှစ်ပြီးရုပ်ရှင်နှင့်ဂီတအနုပညာရှင် ၉၀ ခန့်တို့က မွန်းလွဲ ၁နာရီမှ ညနေ ၅ နာရီအထိ အလှူငွေပြေစာဖြတ်ပိုင်းများတွင် လက်မှတ်ရေးထိုးပေးခြင်း၊ အလှူရှင်များနှင့် အနုပညာရှင်များ မှတ်တမ်းဓာတ်ပုံ အမှတ်တရ တွဲရိုက်ခြင်းတို့ဖြင့် ကုသိုလ်ယူ ဆောင်ရွက်ခဲ့ကြပြီး အလှူခံရရှိငွေကျပ်၂၅၂၇၁၉၀ ကို အဆိုတော် ဦးမင်းနောင်၊ ဦးမောင်မောင်ကြီးနှင့်အဖွဲ့က ဂေါပကအဖွဲ့ဝင် ပြန်ကြားရေးဥက္ကဋ္ဌ ဦးဟန်ထံ ပေးအပ်စဉ်။ (ကြေးမုံ)

# အရိုးပွ၊ အရိုးကျိုးရောဂါ သိကောင်းစရာ

**ယုဝတီ ခင်ဦး**

တစ်ညနေ ဗိုလ်တထောင်ဘုရားဖူးအပြီးတွင်ဗိုလ်တထောင်ဆိပ်ကမ်းဘက်သို့ လျှောက်ခဲ့သည်။ မြစ်ဆိပ်ကမ်းဘက် မျက်နှာမူထားသောထိုင်ခုံများ အစီအရီဖြင့် ဆိပ်ကမ်းသည် သာယာလှပနေသည်။ နိုင်ငံခြားပင်လယ်ကူးသင်္ဘောကြီးများကိုလည်း လှမ်းမြင်နေရသည်။ ရေလှိုင်းတွေတက်လာပြီးလေချိုအေးကလည်း တဖြူးဖြူးနှင့် ၊ကောင်းကင်ပြာ နောက်ခံ၌ ရွှေဝါရောင် တိမ်တောက်နေသော ညနေခင်း၏ ရှုခင်းကို ကြည်နူးစွာငေးမျှော်ကြည့်ပြီး ခုံတန်းလေးတွင် တူမလေးနွယ်နီနှင့်အတူ ထိုင်လိုက်ကြသည်။ ရှုခင်းတွေက အရင်ကနှင့်မတူသန့်ရှင်းလှပစိမ်းစိုနေသည်။

ညနေခင်းမြစ်ကမ်းသာယာဝယ် ကျန်းမာရေးအတွက် လမ်းလျှောက်နေသူများကို တွေ့နေရသည်။ အသက် (၆၀)ကျော်ခန့် လူကြီးတစ်ဦးသည် မြေးငယ်နှင့်တူသော သူငယ်လေးတစ်ယောက်နှင့်အတူ တုတ်ကောက်ကိုအားပြုကာ လမ်းလျှောက်နေသည်။

"ကြီးကြီးမေရေ---အသက်အရွယ်ကြီးလာရင် အရိုးပွနေတော့ချော်လဲရင် အရိုးကျိုးတာ များတာပဲနော်"ဟု မြစ်ကမ်းဘက် လေအဝင့်တွင် နွယ်နီသည် ဆံယဉ်စများလွင့်ပျံနေသည်ကို လက်ဖြင့်သပ်ရင်းမေးပြောပြောလာသည်။

"ဟုတ်တယ် သမီး၊ ငယ်ရွယ်ချိန်မှာ အရိုးတွေသန်မာနေရာကအသက်ကြီးလာတော့ တဖြည်းဖြည်းအရိုးပါးလာလို့ အရိုးကျိုးရတာ"

"အဲဒီအရိုးပွတဲ့ရောဂါအကြောင်းကို ပြောပြပါကြီးကြီးမေ"

နွယ်နီက မေးပါသည်။

အသက်ကြီးတဲ့သူတွေ ချော်လဲရင် နောက်ကျောရိုးတို့၊ တင်ပါးဆုံတို့၊ လက်ဖျံတို့မှာ အကျိုးများတယ်လေ။ အရိုးကျိုးတဲ့အထဲမှာ တင်ပါးဆုံအရိုးကျိုးတာ အန္တရာယ်အရှိဆုံးပဲ။ အရိုးကျိုးပြီဆိုရင် အိပ်ရာထဲမှာကြာကြာနေရတော့နောက်ဆက်တွဲအနေနဲ့သွေးခဲတဲ့ရောဂါတို့၊အဆုတ်ရောင်ရောဂါတို့ပါ ဖြစ်လာတော့တာပေါ့"

"ကြီးကြီးမေ – အရိုးပွတာ အမျိုးသမီးတွေမှာ ပိုဖြစ်တယ်ဆို"

"ဟုတ်တယ်သမီး၊ အမျိုးသမီးတွေရဲ့ အရိုးကပေါ့တယ်။ သိပ်မထူဘူး။မီးယပ်သွေးဆုံးချိန်မှာ အရိုးတွေက ခါတိုင်းလို မထူတော့ဘူး။ အက်စထရိုဂျင်ဆိုတဲ့ ဟိုမုန်းဓာတ်တွေ လျော့သွားလို့လေ။ ယောကျ်ားတွေကတော့ အသက်(၇၀)လောက်မှ အရိုးပွတတ်တယ်"

စကားပြောရင်း တူဝရီးနှစ်ယောက် သာယာသောရှုခင်းတွေကိုကြည့်ရသည်မှာ စိတ်အေးမြလှသည်။

"အမျိုးသမီးတွေ မီးယပ်သွေးဆုံးချိန်မှ အရိုးပွတာက (Estrogen) အက်စထရိုဂျင်ဟိုမုန်းက ချက်ချင်းလျော့ကျသွားလို့ပဲ။ အချို့အမျိုးသမီးတွေအနေနဲ့ လူက ပိန်ပိန်ပါးပါးဖြစ်ပြီး စီးကရက်တို့၊ အရက်တို့ သောက် တတ်ရင်လဲ အရိုးပွရောဂါဖြစ်ပွားနိုင်တာမို့ သတိထားရမယ်။ တချို့ သားဥပွှန်ကောထုတ်ထားရတဲ့ အမျိုးသမီးတွေဆိုရင် အသက် (၄၀) မတိုင်ခင် အရိုးပွရောဂါရတာပဲ"

"တခြားဘာကြောင့် အရိုးပွတတ်သေးလဲ ကြီးကြီးမေ"

"ကျောက်ကပ်ရောဂါ၊ (Thyroid) သိုင်းရွိုက် အကျိတ်ရောဂါ၊ လေးဖက်နာရောဂါနဲ့ ပန်းနာရောဂါကုတဲ့ ဆေးဝါးတွေကြောင့်လဲ အရိုးပါးတတ်တယ်။ လေဖြတ်လို့အိပ်ရာထဲမှာ လဲနေတဲ့သူတွေလဲ အရိုးတဖြည်းဖြည်းပါးပြီး ပွကာကျိုးတတ်တာပဲ"

"အရိုးပွရောဂါရဲ့ လက္ခဏာတွေက ဘာတွေလဲကြီးကြီးမေ"

ဤမေးခွန်းကအရေးကြီးသည်၊ မြစ်ကမ်းခြေက လေကိုတဝရှူပြီး ပြောရသည်။

နောက်ကျော၊ ခါးရိုးနာခြင်း၊ ခါးကုန်းပြီး အရပ်တဖြည်းဖြည်းပုခြင်း၊ ကျောရိုး၊လက်ဖျံရိုး၊ တင်ပါးဆုံရိုး ကျိုးခြင်းတို့ဖြစ်ပေါ်လာလျှင် ဆရာဝန်ကို ချက်ချင်းပြမှဖြစ်မည်။ ဓာတ်မှန်ရိုက်ကြည့်လျှင် အရိုးပွနေသည်ကို တွေ့မည်ဖြစ်သည်။ အရိုးပွခြင်းသည်နောက်ကျောရိုးမှစ၍ သိနိုင်သည်။ နောက်ကျောအရိုးကွင်း လက်မဝက်လောက်ခန့်နိမ့်သွားလျှင်၊ အရပ်မသိမသာပုသွားလျှင် ဆရာဝန်ပြရပေတော့မည်။

အရိုးတိုင်းသော ကိရိယာစက် (Tomography)နှင့် တိုင်းကြည့်နိုင်သည်။ အခြားစက်များနှင့်လည်း စမ်းသပ်ကြည့်နိုင်သည်။ ဖြစ်မှကုရသည်ထက်အသက်အရွယ်အလိုက်ကာကွယ်ထားရပေတော့မည်။ကာကွယ်ရန်အနေဖြင့် ကယ်လ်စီယမ်ဓာတ်ပါဝင်သော အစားအစာ ၁၅၀၀ မီလီဂရမ်နေ့စဉ် စားသုံးရမည်။ ကယ်လ်စီယမ်ဓာတ် တစ်ခုတည်း အူကစုပ်ယူ၍မရ။ ဗီတာမင်ဒီဓာတ်အတူတွဲပါမှသာ အူကစုပ်၍ရသည်။ ထို့ကြောင့် အရိုးများသန်မာပြီး အရိုးကျိုးမှုမှ ကာကွယ်ပေးပေသည်။

သွေးဆုံးမီးယပ်ဖြစ်လျှင် အက်စထရိုဂျင် (သို့) အက်စထရိုဂျင်နှင့် ပရိုဂျက်စတင်ကို အသုံးပြုခြင်းအား ဖြင့် အရိုးပွခြင်းကို ကာကွယ်ပေးသည်။ သို့ရာတွင် ၂၀၀၂ ခုနှစ် ဇူလိုင်လ၌ ထိုဟိုမုန်းဖြင့်ကုသချက်မှာ ရင်သားကင်ဆာ၊ နှလုံးရောဂါ၊ လေဖြတ်ခြင်းရောဂါတို့ဖြစ်နိုင်သည်ကို တွေ့လာကြရ၍ သတိထားရသည်။

ဟိုမုန်းနှင့်ကုသချက်မှာ အရိုးမကျိုးအောင် ကူညီပေးခြင်းဖြစ်သည်။ အကယ်၍ အမျိုးသမီးတစ်ဦးသည် ဟိုမုန်းကုသချက်ယူပြီးမှ ရပ်ထားလိုက်လျှင် အရိုးသည်မထူဘဲ ပြန်ပါးသွားမည်ဖြစ်သည်။ Evista ခေါ်ဆေးမှာ အက်စထရိုဂျင် ဟိုမုန်းလို ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာတို့မဖြစ်တတ်သော်လည်း မျက်နှာတွင် ပူလောင်နေပြီး နီမြန်းခြင်း၊ သွေးခဲခြင်းတို့ဖြစ်စေသည်။

Actonelနှင့် Fosamaxတို့ အရိုးမပါးအောင်ပြုလုပ်နိုင်သော်လည်း အာခေါင်အောက်တစ်လျှောက်တွင် အနာဖြစ်နိုင်ပြန်သည်။

Calcitoninကိုလည်း အသုံးပြုကြပြန်သည်။ သို့ရာတွင် နှာခေါင်းတွင် အရည်ဖြင့် ပက်ဖျန်းရခြင်း၊ ဆေးထိုးရခြင်းတို့ဖြင့် ဈေးကြီးလွန်းသည့်အပြင် အော့အန်ခြင်းနှင့်အရေပြားတွင် အနီစက်များထွက်တတ်၍ စဉ်းစားရသည်။

Forteo ဆေးဝါးဖြင့် အရိုးကျိုးရန် အလားအလာရှိနေသောသူများအတွက် နေ့စဉ် ၂၄ လ ဆေးထိုး ပေးရမည်။ သို့ရာတွင် အော့အန်ခြင်း၊ ခြေထောက်ကြွက်တက်ခြင်း၊ ခေါင်းမူးခြင်းဝေဒနာများကို ခံစားရတတ်သည်။

ကျွန်မရှင်းပြနေသည်ကို စိတ်ပါဝင်စားစွာ နားထောင်နေသောနွယ်နီသည် ကျွန်မလက်ကို ဆွဲ၍ ဗောတံတားဘက်သို့ ခေါ်သွားသည်။

"ဒီနေရာလေးက လေပိုရသလိုပဲ ကြီးကြီးမေ--အစားအသောက် အာဟာရနဲ့ အရိုးပွရောဂါကာကွယ်တဲ့ နည်းလမ်းရှိရင်ပြောပြပါဦး ကြီးကြီးမေ"ဟု မေးပြန်သည်။

" အရိုးသန်မာအောင် အဆီထုတ်ထားတဲ့ နို့တို့၊ယိုးဂတ်၊ ဒိန်ချဉ်တို့၊ ဂေါ်ဖီထုပ်အစိမ်း ဘရိုကိုလီတို့၊ ပန်းဂေါ်ဖီပွင့်၊ ငါးသေတ္တာ၊ တို့ဟူး၊ စိမ်းလန်းတဲ့ ဟင်းသီးဟင်းရွက်တွေစားရမယ်။ ကယ်လ်စီယမ်ဆေးလုံး ၁၀၀၀ မီလီဂရမ်အားကို နေ့စဉ်သာမန်အမျိုးသမီးတွေ စားနိုင်တယ်လေ။ ကိုယ်ဝန်ဆောင်တို့နဲ့ နို့တိုက်မိခင်တို့က ၁၂၀၀-၁၅၀၀ မီလီဂရမ်သောက်နိုင်တယ်။ မီးယပ်သွေးဆုံး အမျိုးသမီးတွေကတော့ တစ်နေ့ကို ကယ်လ်စီယမ် ၁၅၀၀ မီလီဂရမ် သောက်နိုင်တယ်။ အဆီထုတ်ထားတဲ့ နို့တစ်ဖန်ခွက်ရော၊ ရိုးရိုးနို့တစ်ဖန်ခွက်ရော ကယ်လ်စီယမ်ဓာတ် ၃၀၀ မီလီဂရမ်ပါတယ် သမီးရဲ့"

" ဗိုက်ထဲမှာ ကယ်လ်စီယမ်ချည်းပဲ သောက်လို့ အူကစုပ်မယူနိုင်ဘူး၊ ဗီတာမင်ဒီနဲ့ အတူတူသောက်ရမယ်လို့ ကြီးကြီးမေ ခုနကပြောခဲ့တယ်နော်"

"ဟုတ်တယ်သမီး၊ ဗီတာမင်ဒီ (၄၀၀-၈၀၀အိုင်ယူ) နေ့စဉ်ထည့်သောက်ရမယ်။ ဆေးသောက်တဲ့အခါ ဆရာဝန်နဲ့ တိုင်ပင်ပြီးမှ သောက်ရမယ်။ ဘာပြုလို့လဲဆိုတော့ ကယ်လ်စီယမ်ဓာတ်ကလဲ တချို့ဆေးတွေကို အူကမစုပ်ယူနိုင်အောင် ဟန့်တားတယ်။ ကယ်လ်စီယမ်ပါတဲ့ အစားစားရင်ဖော့ဖရပ်(စ်) (Phosphorus) ပါတဲ့ အစာနဲ့ တွဲမစားရဘူး။ အရိုးပါးတာကိုအားပေးတယ် ပြောတယ်။ သက်သတ် လွတ်စားတဲ့သူရဲ့ အရိုးက အသားစားတဲ့သူထက် ပိုထူတယ်လို့ တချို့ကပြောတယ်၊ ဒါပေမယ့် အရက် များများ သောက်တဲ့သူ၊ ကဖိန်း (Caffeine)ဓာတ်များများပါတဲ့ အစားအစာစားတဲ့၊ သောက်တဲ့သူဆိုရင် ကယ်လ်စီယမ်ကို အူကနည်းနည်းပဲစုပ်ယူနိုင်တယ်"

"ကြီးကြီးမေ ကယ်လ်စီယမ်ချည်းပဲ စားနေလို့ အရိုးဘယ်သန်မလဲနော်၊ လမ်းလေးလျှောက်ပေးဖို့လဲ လိုမှာပဲနော်"

"ဟုတ်တယ်သမီး၊ သိပ်မှန်တာပေါ့။ လမ်းမှန်မှန်လျှောက်တာတို့၊ တင်းနစ်ကစားတာ၊ လှေကားတက်တာ၊ အေရိုးဗစ်ကစားတာတွေဟာ အရိုးမပွ အောင်ကာကွယ်ပေးတာပဲ။ ရေကူးတာတို့၊ ဆိုင်ကယ်စီးတာတို့ကတော့ နှလုံးရောဂါအတွက်ကောင်းတယ်"

"ဒါဖြင့် ကြီးကြီးမေရေ--သမီးတို့နေ့တိုင်းလမ်းလျှောက်တဲ့ အတွက် အရိုးပွရောဂါကို ကာကွယ်နိုင်တာပေါ့နော်"

ကျွန်မသည် ပြုံးရွှင်စွာ ခေါင်းညိတ်ပြလိုက်ပါသည်။ ခုနှစ်ရက်သားသမီးအားလုံး အရိုးပွရောဂါမှ ကင်းဝေးကြပါစေ။ ။




**ပန်းဘဲတန်းမြို့နယ် (၁၀)ရပ်ကွက် (၃၂)လမ်း(အလယ်) သံဃာ့ဒါနဆွမ်းလောင်းအသင်း အောင်ဓမ္မဇိနဓမ္မာရုံအား လမ်းသူလမ်းသားများနှင့် ပြင်ပအလှူရှင်များ စုပေါင်းကုသိုလ်ကောင်းမှုဖြင့် ကျပ်သိန်း ၇၀ကျော် အကုန်အကျခံကာ အသစ်မွမ်းမံပြင်ဆင်ပြီးမြောက်ခြင်း အလှူရေစက်ချ မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် နံနက်က ဓမ္မာရုံ၌ ကျင်းပရာ ပန်းဘဲတန်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တဂုဏာလင်္ကာရ (မဟာဂန္ထဝါစကပဏ္ဍိတ)ထံမှ ရေစက်ချ တရားတော်နာယူကြစဉ်။** (၁၉)

## ဗုဒ္ဓပူဇနိယပွဲတော်

**ရန်ကုန် မတ် ၅**

မြောက်ဥက္ကလာပမြို့ (င)ရပ်ကွက်၊ သန္တာလမ်း မာရ်အောင်ကျောင်းတိုက်နတ်မောက်ကျောင်းအတွင်း တည်ထားကိုးကွယ်သည့် ပြည်လုံးချမ်းသာအောင်သိဒ္ဓိ စေတီတော်မြတ်ကြီးနှင့် အရံစေတီ ၇၅ဆူ၊ ရုပ်ပွားတော် ၅၇၅ ဆူတို့ကိုမတ်၁၃တွင်အနေကဇာတင်ခြင်း၊ သံဃာတော်အပါး ၃၀၀ ကျော်အား ဆွမ်း၊ ဆွမ်းဟင်း၊ စာရေးတံမဲလှူဒါန်းပြီးညနေ ၃နာရီတွင် ပင့်သံဃာ၇၂ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူမည်ဖြစ်သည်။

(က-ပ)



**ပဲခူးတိုင်း မိုးညိုမြို့ ဇောတိကရပ်ကွက်နေ ကွယ်လွန်သူ ဦးထွန်းရီနှင့်သား မောင်နေမျိုးတို့အား ရည်စူး၍ ဒေါ်ခင်ညိုမိသားစုက မြို့ဦးအောင်ဆုပန်စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်ရန် အလှူငွေ ကျပ်ခြောက်သိန်းကို ဖေဖော်ဝါရီ ၂၇ ရက်က ရေချမ်းအိုးကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဦးဥတ္တမသာရလင်္ကာရရှေ့မှောက်၌ အလှူရှင်များက ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမြင့်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)



**ဦးထွန်းအောင် – ဒေါ်နှင်းဆီတို့အားရည်စူး၍ ဒေါက်တာကျော်မြင့်ဦး-ဒေါ်သန်းသန်းရွှေ မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ကျပ်သိန်းတစ်ရာတန်ဖိုးရှိ အူလမ်းကြောင်း စမ်းသပ်ကိရိယာတစ်စုံ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်လက်ခံယူစဉ်။** (က-ပ)



**ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပြည်သာ ယာ(တာမွေလေးသံလမ်းအနီး)ရွှေပြည်ဟိန်းကျောင်း၌ ဖွင့်လှစ်ထားသော ကုသိုလ်ဖြစ် ဆေးခန်းတိုးချဲ့ဆောင်အတွက် သဃ်္ဃန်းကျွန်း၊ သီရိဂုဏ်အိမ်ရာနေ ဒေါက်တာချားလ်စ်တန် တစ်နှစ်ပြည့်အားရည်စူး၍ ဒေါ်သန်းသန်းမြင့် မိသားစုက ငွေကျပ်နှစ်သိန်းလှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရိလင်္ကာရက ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်စဉ်။** (ကြေးမုံ)

## အင်ဒိုနီးရှားတွင် ကန်နိုင်ငံသားတစ်ဦး မူးယစ်ဆေးဝါးမှုဖြင့် အဖမ်းခံရ

ဂျကာတာ မတ် ၄

**အင်ဒိုနီးရှားနိုင်ငံ၏ အပန်းဖြေရာဒေသ ဘာလီကျွန်း၌ပြီးခဲ့သော သီတင်းပတ်အတွင်းက မူးယစ်ဆေးဝါးမှောင်ခိုမှုဖြင့် အမေရိကန်နိုင်ငံသားတစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း အင်ဒိုနီးရှားရဲတပ်ဖွဲ့က မတ် ၃ ရက်တွင် ထုတ်ဖော်ပြောကြားသည်။**

အဖမ်းခံရသူမှာအသက်(၄၀)အရွယ်ရှိ အမေရိကန် နိုင်ငံသား ဂျိမ်းကလင်ဆိုသူဖြစ်သည်။ ၎င်းကို ဆေးခြောက် ၄၉ ဂရမ်၊ ဂမ်ဂျာ ၁၇၆ ဂရမ်နှင့်အတူ တည်းခိုရာဟိုတယ်ခန်းအတွင်း၌ဗုဒ္ဓဟူးနေ့က လက်ရဖမ်းဆီးမိခဲ့ခြင်းဖြစ်သည်ဟု ဘာလီမှ အထက်တန်းရဲအရာရှိ ရီနီဘင်က ပြောကြားသည်။

ဒေသခံသတင်းပေးများ၏ လက်ထောက်ချ သတင်းပေးချက်အရ ဂျိမ်းကလင်ကိုစောင့်ကြည့်နေခဲ့ပြီးမှလက်ပူးလက်ကြပ် ဖမ်းဆီးနိုင်ခဲ့သော သတင်းကို ရဲအရာရှိ ရီနီဘင် အား ကိုးကား၍ အင်တာရာသတင်းဌာနက ဖော်ပြခဲ့သည်။

၎င်းကို ဖမ်းဆီးရမိချိန်တွင် စစ်မေးသမျှကို ဂျိမ်းကလင်က ဖြေဆိုရန် ငြင်းဆန်ခဲ့ပြီး စကားပြန်ရရှိခဲ့ပြီးနောက်မှသာ စစ်ဆေးချက်များကို ပြောကြားခဲ့ကြောင်း သိရသည်။ ပြစ်မှု ထင်ရှားစီရင်ခြင်းခံရပါက မူးယစ်ဆေးဝါးအမှုကို အင်ဒိုနီးရှားနိုင်ငံတွင် သေဒဏ်အထိအမြင့်ဆုံး ချမှတ်လေ့ရှိသည်။



### အပြစ်ပေး

ဖေဖော်ဝါရီလ အတွင်းကလည်း မူးယစ်ဆေးဝါးမှုဖြင့် စီရင်ခြင်းခံရသော ဩစတြေးလျနိုင်ငံသား ခုနစ်ဦးကို ကြီးလေးသော ပြစ်ဒဏ်များ ချမှတ်ခဲ့သည်။ နှစ်ဦးကို သေဒဏ်စီရင်ခဲ့ပြီး ကျန်ငါးဦးကို တစ်သက်တစ်ကျွန်း ထောင်ဒဏ် အပြစ်ပေးခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**ဂျပန်နိုင်ငံ ယာမာနာရှီ ပြည်နယ် အိုရှီနိုမြို့တွင် ချယ်ရီပန်းများ ဖူးပွင့်ဝေဆာနေသည်ကို ဖူဂျီတောင်တန်း နောက်ခံပြုလျက် မတ် ၄ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)



**အာဖဂန်နစ္စတန်နိုင်ငံတွင် ပိုလီယိုရောဂါတိုက်ဖျက်ရေး အစီအစဉ်အရ ကလေးငယ်တစ်ဦးအား ပိုလီယိုရောဂါ ကာကွယ်ဆေး တိုက်ကျွေးနေသည်ကို မတ် ၄ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

## စင်ကာပူနှင့် ပနားမား ကုန်သွယ်ရေးသဘောတူညီမှုရရှိ

**စင်ကာပူ မတ် ၄**

စင်ကာပူနိုင်ငံနှင့် ပနားမားနိုင်ငံတို့၏ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်သည် နှစ်နိုင်ငံစလုံးအတွက် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း စင်ကာပူဝန်ကြီးချုပ် လီရှန်လောင်းက ပနားမားဒုတိယသမ္မတ အာရီစီမာရာဝယ်လ်ဒက်စ်နှင့် ကြာသပတေးနေ့က တွေ့ဆုံဆွေးနွေးရာတွင် ပြောကြားသည်။ စင်ကာပူနှင့် ပနားမားနိုင်ငံတို့သည် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်ကို အကောင်အထည်ဖော်ရန် အပြီးသတ် သဘောတူညီချက်တစ်ရပ်ကို ရရှိခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***




**ယူကရိန်းနိုင်ငံတွင် ဓာတ်ငွေ့ပုံနှိပ်မှုဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လေ့ကျင့်နေသည်ကို မတ် ၄ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)



## အာဖဂန်နစ္စတန်တွင် ဗုံးဖောက်ခွဲမှုဖြစ်ပွား ကနေဒါတပ်ဖွဲ့ဝင်များဒဏ်ရာရ

**ကဘူး မတ် ၄**

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းဒေသတွင် သောကြာနေ့က ကနေဒါတပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့် သံချပ်ကာယာဉ်တစ်စီး ဗုံးဖောက်ခွဲခံခဲ့ရသဖြင့် တပ်ဖွဲ့ဝင်ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း ကနေဒါစစ်ဘက်က ပြောကြားသည်။

ယင်းဖြစ်ရပ်သည် အာဖဂန်တောင်ပိုင်းရှိ ကန်ဒါဟာပြည်နယ်တွင် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ဗုံးဖောက်ခွဲသူက ပေါက်ကွဲစရာပစ္စည်းများ အပြည့်အသိပ် တင်ဆောင်လာသည့် ယာဉ်တစ်စီးကို မောင်းနှင်ပြီး ကနေဒါတပ်ဖွဲ့ဝင်များ ပါလာသည့် သံချပ်ကာယာဉ်အနီး ဖောက်ခွဲခဲ့ခြင်းဖြစ်သည်။

ကနေဒါတပ်ဖွဲ့ဝင်တစ်ဦး ဆိုးဆိုးရွားရွား ထိခိုက်ခဲ့ရာ ၎င်းကို ဂျာမနီရှိ ဆေးရုံသို့ တင်ပို့ပေးရသည်ဟု ကနေဒါစစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူ မတ်မာဆင်တိုင်ယာက ပြောကြားသည်။

တစ်ချိန်တည်းမှာပင် ရဲတပ်ဖွဲ့က တာလီဘန်ပြောက်ကျားများနှင့် ဟယ်လ်မန်ပြည်နယ်တွင် တိုက်ခိုက်မှုဖြစ်ပွားရာ ပြောက်ကျား ရှစ်ဦးသေဆုံးပြီး အခြား ၁၀ ဦးကို ဖမ်းဆီးရမိခဲ့သည်။

ကနေဒါတပ်ဖွဲ့ဝင် ၂၀၀၀ ကျော်တို့ကို အာဖဂန်တောင်ပိုင်းဒေသတွင် ဖြန့်ကြက်ချထားခြင်းဖြစ်သည်။ ဇန်နဝါရီလက ကန်ဒါဟာပြည်နယ်တွင် ကားဗုံးဖောက်ခွဲခံရသဖြင့် ကနေဒါသံတမန်တစ်ဦး သေဆုံးခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## မေထုန်မှဲ့သားစပ်နည်းဖြင့် ကျားမျိုးထိန်းသိမ်း တရုတ်နိုင်ငံတွင် ကျားကောင်ရေ ၄၀၀၀ ကျော်အထိ တိုးပွားလာ

**ပေကျင်း မတ် ၄**

တရုတ်နိုင်ငံတွင် ၁၉၉၀ပြည့်နှစ်အတွင်း တောတွင်း၌ ကျားကောင်ရေ ၁၀ကောင်ပြည့်အောင်ပင် မရှိခဲ့ရာမှ မွေးမြူထားသော ကျားများကို သဘာဝမဟုတ်သည့် မေထုန်မှဲ့သားစပ်နည်းဖြင့် ပေါက်ဖွားစေခဲ့သဖြင့် ယခုအခါ ကျားကောင်ရေ ၄၀၀၀ ကျော်ရှိသွားပြီဖြစ်ကြောင်း နိုင်ငံတော်သစ်တောဌာန အာဏာပိုင်များက ကြာသပတေးနေ့တွင် ပြောကြားသည်။

အထူးသဖြင့် မျိုးသုဉ်းမည့်အန္တရာယ် အကြီးအကျယ်ရှိနေသည့် ဆိုက်ဘေးရီးယားကျားများနှင့် အခြားကျားများ မျိုးသုဉ်းမည့်ဘေးမှ ကာကွယ်ရေးအတွက် မကြာသေးမီနှစ်များအတွင်း တရုတ်သိပ္ပံပညာရှင်များက မေထုန်မှဲ့သားစပ်နည်းကို အသုံးပြုခဲ့ရာ ထူးခြားသည့် အောင်မြင်မှုများရရှိခဲ့သည်ဟု တောရိုင်းတိရစ္ဆာန်ဌာန ညွှန်ကြားရေးမှူး ဇူအိုရှွန်ရှန်က ပြောကြားသည်။

တရုတ်နိုင်ငံတွင် ဆိုက်ဘေးရီးယားကျားမျိုးစိတ် ကျားကောင်ရေ ၁၃၀၀ အထိ ယနေ့ကာလတွင် မွေးမြူနိုင်ခဲ့ပြီဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကျားရိုင်းကောင်ရေ ပေါက်ပွားမှုသည် တည်ငြိမ်စိတ်ချရသည့် အခြေအနေတစ်ရပ်သို့ ရောက်ရှိပါက ယင်းကျားမျိုးစိတ်သည် ဆက်လက်ရှင်သန်နေမည်သာဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

လူများက ကျားများကို သတ်ဖြတ်မှုနှင့် ယင်းကျားများ ကျက်စားရာနေရာ ကျဉ်းသွားမှုတို့ကြောင့် တရုတ်နိုင်ငံအတွင်း ကျားကောင်ရေသည် လွန်ခဲ့သည့် ၁၀နှစ်အတွင်း တစ်မဟုတ်ချင်း ကျဆင်းသွားခဲ့သည်။

တရုတ်နိုင်ငံတွင် ယခုအခါ တောတွင်း၌ ဘာသာဘာဝကျက်စားသည့် ကျားကောင်ရေမှာ ၁၀၀ထက်ကျော်လွန်၍ မရှိကြောင်း၊ ကမ္ဘာတစ်ဝန်းလုံး အတိုင်းအတာအရ တောတွင်းရှိ ကျားကောင်ရေမှာ ၅၀၀၀ပင် မပြည့်ကြောင်း တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးကျွမ်းကျင်သူ ပညာရှင်များက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

## တရုတ်နိုင်ငံ၌ ဝက်သက်ရောဂါတိုက်ဖျက်

**ဗီမန် မတ် ၄**

တရုတ်နိုင်ငံတွင် ၂၀၁၂ ခုနှစ်ထက်နောက်မကျစေဘဲ ဝက်သက်ရောဂါ ကင်းစင်ရေးအတွက် ရောဂါကာကွယ်ရေးလုပ်ငန်းအစီအစဉ် မူကြမ်းကို ရေးဆွဲလျက်ရှိကြောင်း ကျန်းမာရေးဌာနမှ တာဝန်ရှိသူတစ်ဦးက မတ်လ ၂ရက်တွင် ပြောကြားသည်။

ဝက်သက်ရောဂါ ပပျောက်ရေးအစီအစဉ်ကို ၁၉၇၈ ခုနှစ်တွင် တရုတ်နိုင်ငံ၌ စတင်ဆောင်ရွက်ခဲ့ရာ ၁၉၉၀ ပြည့်လွန်နှစ် အချိန်ကာလများ၌ ၉၅ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ၁၉၉၅ ခုနှစ်တွင် လူ ၁၀၀၀၀၀ လျှင် ရောဂါဖြစ်ပွားသူ ငါးဦးခန့်ရှိခဲ့သည်။ ထိုနှစ်တွင် ရောဂါဖြစ်ပွားနှုန်း အနိမ့်ဆုံးသို့ ကျဆင်းခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



**တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ တိရစ္ဆာန်ဥယျာဉ်တွင် မွေးမြူထားသော ကျားတစ်ကောင်ကို မတ် ၄ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# ဗြိတိန်ဘဏ် ဓားပြတိုက်မှုနှင့် ပတ်သက်သူသုံးဦးအား တရားစွဲဆို

**လန်ဒန်　　မတ်　၄**

ဗြိတိန်နိုင်ငံ၌ ကမ္ဘာတွင်အကြီးကျယ်ဆုံး ဘဏ်ဓားပြတိုက်မှုဖြစ်ပွား ခဲ့ရာ ဓားပြမှုနှင့်ပတ်သက်သူ သုံးဦးကို မတ် ၂ ရက်တွင် တရားစွဲဆိုလိုက်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ဗြိတိန်နိုင်ငံ အရှေ့တောင်ပိုင်း ကင့်ဒေသ၌ ဘဏ်ဓားပြတိုက်မှုဖြစ်ပွားခဲ့ရာ ပေါင် ၅၃ သန်း(အမေရိကန်ဒေါ်လာ ၉၂ သန်း) ကို ဓားပြများက ယူဆောင်သွားခဲ့ကြသည်။ ယင်းဘဏ်ဓားပြတိုက်မှုနှင့် သက်ဆိုင်သူများကို တရားစွဲဆိုခဲ့ ခြင်းသည် ဓားပြမှုများအနက် အကြီးကျယ်ဆုံးဖြစ်ကြောင်း သတင်းတစ်ရပ်၌ ရေးသားဖော်ပြထားသည်။

တရားစွဲဆိုခံရသူများမှာ အသက် (၅၇) နှစ်အရွယ်ရှိ ကားအရောင်းအဝယ်ပြုလုပ်သူ ဂျွန်ဖောင်လာ၊ အသက် (၃၉) နှစ်အရွယ်ရှိ ဆတပ်ရီလီနှင့် အသက် (၃၉) နှစ်အရွယ်ရှိ ကိုယ်ပိုင်လုပ်ငန်းရှင် အမျိုးသမီး စမ်ရုပ်စ်လီတွန်တို့ဖြစ်သည်။ ၎င်းတို့သည် ကင့်ခရိုင် ဘရစ်အရပ်ရှိ စီဂရူရီတက်စ် ဘဏ်ကိုဓားပြတိုက်မှုတွင်ပါဝင်သော ကြံရာပါနှစ်ဦးနှင့် ခိုးရာပါပစ္စည်းများကို လက်ခံခဲ့သူ အမျိုးသမီးတစ်ဦးတို့ဖြစ်သည်။ ၎င်းတို့ကို မတ် ၂ ရက်တွင် ရုံးထုတ်ခဲ့သည်။

တစ်ချိန်တည်းမှာပင် လူသွားလာမှုနည်းသော လယ်ကွင်း၌မြှုပ်နှံထားသော ငွေများကို တွေ့ရှိခဲ့ကြောင်း တယ်လ်လီ ဂရပ်သတင်းစာက ဖော်ပြသည်။ အဆိုပါ သတင်းနှင့်စပ်လျဉ်း၍ ကင့်ခရိုင်ရဲတပ်ဖွဲ့က ဖြေရှင်းချက်တစ်စုံတစ်ရာပြုလုပ်ခဲ့ခြင်းမရှိကြောင်း သိရသည်။ ယခင်ရက်သတ္တပတ်က ထိုအမှုနှင့်ပတ်သက်ဆက်စပ်နေသည်ဟု မသင်္ကာရဖွယ် လူခြောက်ဦးကို ခေါ်ယူစစ်ဆေးခဲ့ပြီးနောက် ၎င်းတို့ကို အာမခံဖြင့် ပြန်လည်လွှတ်ပေးခဲ့သည်။ ထို့အပြင် အခြားလူငါးဦးကို ထပ်မံဖမ်းဆီးခဲ့သည်။ ယင်းဓားပြတိုက်မှု ဖော်ထုတ်ဖမ်းဆီးနိုင်စေရန် သတင်းပေးသူကိုလည်း ဆုငွေ ပေါင်နှစ်သန်း ချီးမြှင့်မည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ထားသည်။ ***အင်တာနက်။***



**အန္တာတိတ်အနောက်ပိုင်းတွင် ရေခဲမြစ်များအရည်ပျော်ဆင်းမှုနှင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုအခြေအနေတို့နှင့်ပတ်သက်၍ သိပ္ပံပညာရှင်များ စူးစမ်းမှုများပြုလုပ်နေသည်ကို မတ် ၄ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ–အင်တာနက်)*

# စစ်ရေးတည်ဆောက်သည်ဆိုသော ကန့်စွပ်စွဲချက် ဗင်နီဇွဲလားအစိုးရ လက်မခံပယ်ချ

**ကာရာကတ်စ် မတ် ၄**

ဗင်နီဇွဲလားနိုင်ငံက လက်တင်အမေရိက ဒေသတွင် စစ်ရေးအရ တည်ဆောက်နေကြောင်း အမေရိကန်၏ စွပ်စွဲချက်ကို ဗင်နီဇွဲလား ဒုတိယသမ္မတ ဂျိုဆေးဗင်းဆင့်ရန်ဂျယ်က သောကြာနေ့တွင် ပယ်ချလိုက်သည်။

ဗင်နီဇွဲလားနိုင်ငံသည် ကျူးကျော်တိုက်ခိုက်တတ်သည့်နိုင်ငံ တစ်နိုင်ငံမဟုတ်ကြောင်း၊ နိုင်ငံတကာ ဥပဒေစိုးမိုးရေးကို လေးစားလိုက်နာပြီး ငြိမ်းချမ်းကာ ဒီမိုကရေစီနည်းကျ ဖော်ဆောင်သည့် နိုင်ငံဖြစ်ကြောင်း စသည်ဖြင့် ၎င်းက ယူနီယံရေဒီယို အသံလွှင့်အစီအစဉ်သို့ ပြောကြားသည်။

အမေရိကန်၏ စွပ်စွဲချက်သည် အမေရိကန် အိမ်ဖြူတော် အစိုးရနှင့် စစ်ဌာနချုပ်၏ လက်သုံးစကားဖြစ်သည့် မိုးလုံးပြည့် မုသာဝါဒများ၏ အစိတ်အပိုင်းတစ်ရပ်သာ ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဗင်နီဇွဲလားနိုင်ငံသည် မကြာမီက လက်နက်များ ဝယ်ယူခဲ့ခြင်းမှာ တောင်အမေရိက၊ လက်တင်အမေရိကဒေသနှင့် မက္ကဆီကို ပင်လယ်ကွေ့အတွင်းရှိ မည်သည့်နေရာတွင်မဆို ဝင်ရောက် ခြယ်လှယ်နိုင်ခွင့်ရရှိစေရန် ကြိုးပမ်းမှုဖြစ်သည်ဟု အမေရိကန် ထောက်လှမ်းရေး အကြီးအကဲ ဂျွန်နီဂရိုပွန်တီက အမေရိကန် အထက်လွှတ်တော် လက်နက်ကိုင်တပ်ဖွဲ့များ ကော်မတီတွင် ပြောကြားပြီးခဲ့သည့်နောက် ရန်ဂျယ်က ဖော်ပြပါအတိုင်း ဝေဖန်ပြောကြားခြင်းဖြစ်သည်။

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က ကျူးဘားအစိုးရနှင့် ဆက်ဆံရေးခိုင်မာစေရန် ကြိုးပမ်းနေပြီး အီရန်နှင့်လည်း စီးပွားရေးနှင့် စစ်ရေးအရ အနီးကပ်ပူးပေါင်းဆောင်ရွက်ရန် လုံးပန်းနေသည်ဟုလည်း နီဂရိုပွန်တီ၏ ဝေဖန်ချက်ကို ရန်ဂျယ်က ပယ်ချလိုက်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***




# အန္တာတိတ်ရေခဲပြင်ကြီး သိသာစွာကျဉ်းမြောင်းလာ နာဆာ၏ လေ့လာချက်စစ်တမ်းအရသိရှိရ

ဝါရှင်တန်　　မတ်　၄

**အန္တာတိတ်ရေခဲပြင်ကြီးသည် လွန်ခဲ့သည့်သုံးနှစ်အတွင်း သိသာစွာ ကျဉ်းမြောင်းလာခဲ့ကြောင်း အမျိုးသားလေကြောင်းနှင့် အာကာသအုပ်ချုပ်ရေးအဖွဲ့ (နာဆာ)၏ ကြာသပတေးနေ့က ထုတ်ပြန်သည့် လေ့လာချက်စစ်တမ်းတစ်ရပ်အရ သိရှိရသည်။**



အန္တာတိတ်ရေခဲပြင်သည် ၂၀၀၂ခုနှစ်ဧပြီမှ စတင်ပြီး ၂၀၀၅ခုနှစ် ဩဂုတ်အထိ နှစ်စဉ် ၁၅၂ ကုဗကီလို မီတာခန့် ကျဉ်းမြောင်းလာခဲ့သည်ဟု နာဆာ၊ ဂျာမန်လေကြောင်းနှင့် ရာသီဥတုစမ်းသပ်ရေးဌာန(ဂရေ့စ်) က ထုတ်ပြန်သည့် အချက်အလက် များကိုရယူကာ သိပ္ပံပညာရှင်များက ကောက်ချက်ချထားသည်။

အန္တာတိတ်ရေခဲပြင်မှ လျော့ကျခဲ့သည့်ရေပမာဏသည် ကမ္ဘာတစ်ဝန်းရှိ ပင်လယ်များမှ မြင့်တက်လာသည့် ရေပမာဏ ၁ ဒသမ ၂ မီလီမီတာအထိ ရှိသည်ဟု ကိုလိုရာဒိုတက္ကသိုလ်မှ သုတေသီများပြုစုသည့် စာတမ်းတွင် ဖော်ပြထားသည်။

အနောက်အန္တာတိတ်ဒေသရှိ ရေခဲပြင်မှ အများဆုံးရေခဲအရည်ပျော် ကျခဲ့ခြင်းဖြစ်သည်ဟုစစ်တမ်းတွင်ပါရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

# စကိတ်စီးပြိုင်ပွဲ ကျင်းပနေစဉ် ဆီးနှင်းခဲပြိုကျ

**မီလန်　မတ်　၄**

အီတလီနိုင်ငံအနောက်ပိုင်း အယ်လ်ပ်တောင်တန်းတွင် သောကြာနေ့က နိုင်ငံတကာ စကိတ်စီးပြိုင်ပွဲတစ်ရပ် ကျင်းပစဉ်အတွင်း ဆီးနှင်းခဲများ ပြိုကျမှုဖြစ်ပွားရာ ခုနစ်ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိကြောင်း၊ စကိတ်စီးသူအချို့ပေါ်သို့ ဆီးနှင်းခဲများ ဖုံးအုပ်သွားကြောင်း ကယ်ဆယ်ရေးတာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

ဆီးနှင်းခဲများ ဖုံးအုပ်ခံရသည့် စကိတ်စီး အားကစားသမားအချို့ကို ကယ်ဆယ်ရေးအဖွဲ့သားများက ကယ်တင်ပေးခဲ့ရသည်။ အီတလီနိုင်ငံ ကွန်နီယိုပြည်နယ်တွင်ကျင်းပသည့် စကိတ်စီးပြိုင်ပွဲတွင် နိုင်ငံခြားသား အားကစားသမားများလည်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

## ဆီးနှင်းပိတ်ဆို့

**ဂျာမနီနိုင်ငံ တောင်ပိုင်း မြူးနစ်မြို့အနီးရှိ အဝေးပြေးလမ်းတွင် ဆီးနှင်းများ ပိတ်ဆို့နေမှုကြောင့် ကုန်တင်ကားကြီးများ ရပ်ထားရသည်ကို မတ် ၅ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ–အင်တာနက်)*



**အီတလီ နိုင်ငံ အနောက်ပိုင်းအယ်လ်ပ်တောင်တန်းဒေသတွင် ဆီးနှင်းခဲပြိုကျမှု ဖြစ်ပွားခဲ့ပြီးနောက် ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည်ကို မတ် ၃ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ–အင်တာနက်)*

# ရေအရင်းအမြစ် ထိန်းသိမ်းရေး ဘရာဇီးတွင် ချမှတ်ဆောင်ရွက်

**ဘရာစီလီယာ　　မတ်　၄**

ဘရာဇီးအစိုးရအဖွဲ့သည် လူသားတို့အတွက် အဖိုးမဖြတ်နိုင်သော သဘာဝအရင်း အမြစ်ဖြစ်သည့် ရေသယံဇာတကို ထိန်းသိမ်းစောင့်ရှောက်နိုင်စေရေးအတွက် ရေအရင်းအမြစ်ထိန်းသိမ်းရေး အမျိုးသားအစီအစဉ်တစ်ရပ်ကို စနေနေ့တွင် စတင်လိုက်သည်။

ရေအရင်းအမြစ် ထိန်းသိမ်းစောင့်ရှောက်ရေး အမျိုးသားအစီအစဉ်စတင် အကောင်အထည်ဖော်မှု အထိမ်းအမှတ်အခမ်းအနားကို မြို့တော် ဘရာစီလီယာတွင် ကျင်းပရာ ဘရာဇီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး မာရီနာဆေးလ်ဗား တက်ရောက်၍ ဖွင့်လှစ်ပေးသည်။

အသုံးပြုပြီးသောရေကို တစ်ကျော့ပြန် သန့်စင်မှုပြုလုပ်ပြီး သုံးစွဲရန်အားပေးသည့် ယင်းအစီအစဉ်သည် ဘရာဇီးနိုင်ငံ၌ ပြည်သူများ ရေဖူလုံမှုရှိလာစေရန် ဦးတည်သည်။ ဘရာဇီးနိုင်ငံတွင် ၂၀၁၅ ခုနှစ်ထက်နောက်မကျဘဲ လူတို့၏ အခြေခံကျန်းမာရေးအတွက် လိုအပ်သောရေကို ပြည်သူများ ဖူလုံမှုရှိစေရန်နှင့် ရေကောင်းရေသန့်မရရှိဘဲ နေထိုင်ကြရသည့် ပြည်သူဦးရေကို ထက်ဝက်လျှော့ချနိုင်စေရန် ရေအရင်းအမြစ် ထိန်းသိမ်းရေးအစီအစဉ်ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးတွင် ယခုလနှောင်းပိုင်း၌ ကျင်းပမည့် ကမ္ဘာ့ရေသယံဇာတ ဖိုရမ်ဆွေးနွေးပွဲတွင် ဘရာဇီးနိုင်ငံ၏ ရေအရင်းအမြစ်ထိန်းသိမ်းရေး အစီအစဉ်နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရန် စီစဉ်ထားကြောင်း ဝန်ကြီး ဆေးလ်ဗားက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***





**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ ငမိုးရိပ်ရေထိန်းတံခါးကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်လုပ်ငန်း စီမံကိန်းဇုန်စစ်ဆေး

ရန်ကုန် မတ် ၅

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယမန်နေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် သရက်ပင်ချောင်းကျေးရွာအနီး၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ငါးပိ၊ ငါးခြောက်၊ ငံပြာရည်လုပ်ငန်း စီမံကိန်းဇုန်သို့ရောက်ရှိကြရာ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာအကြီးအကဲများက ဇုန်အတွင်း လုပ်ငန်းများဆောင်ရွက်နေမှု၊ စီမံကိန်းအချက်အလက်များ၊ ဇုန်အတွင်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးနှင့် ရန်ကုန်မြို့တော်ဝန်တို့က မြို့တော်၏သန့်ရှင်းသာယာမှုကို မထိခိုက်စေရေးအတွက် ကုန်ပစ္စည်းများကို စနစ်တကျ သယ်ယူပို့ဆောင်ရန်နှင့် လက်ရှိလုပ်ငန်းများအပြင် ဂရုတ်သီးမှုန့်လုပ်ငန်းများထားရှိရမည့်မြေနေရာ တိုးချဲ့လျာထားဆောင်ရွက်ကြရန် မှာကြားကြကာ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးကြသည်။**

ထို့နောက် တိုင်းမှူးနှင့် ရန်ကုန်မြို့တော်ဝန်တို့သည် ဇုန်အတွင်း ကျင်းပသည့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၏ ခြံစည်းရိုးကြက်ဆူပင် ပျိုးပွဲတော်သို့ တက်ရောက်ကြရာ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်တိုးက ခြံစည်းရိုးကြက်ဆူပင်စုဆောင်းပျိုးထောင်ပြီးစီးမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးနှင့် ရန်ကုန်မြို့တော်ဝန်တို့က ခြံစည်းရိုးကြက်ဆူမျိုးစေ့များကို ပျိုးထောင်ပေးကြပြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်မှ စုဆောင်းထားရှိသည့် မျိုးစေ့ ၃၂တင်းနှင့် ပျိုးပင်စုပေါင်းစိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေး၍ ပျိုးပွဲတော်အထိမ်းအမှတ်အဖြစ် ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် တိုင်းမှူးနှင့် ရန်ကုန်မြို့တော်ဝန်တို့သည် ဇုန်အတွင်း အကွက်အမှတ်(၁၊၂၊၃၊၄)ရှိ “နိုင်တူ” ငါးပိ၊ ငါးခြောက်လုပ်ငန်းကို လည်းကောင်း၊ အကွက်အမှတ် (၁၉၆)ရှိ “ရွှေမင်းသား” ငံပြာရည်လုပ်ငန်းကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများတိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ရန်ကုန်မြို့တော်ဝန်တို့သည် စီမံကိန်းဇုန်နှင့် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ကျန်စစ်သားလမ်းအထိ ဆက်သွယ်ဖောက်လုပ်ထားသည့် အရှည် နှစ်မိုင်နှစ်ဖာလုံ၊ အကျယ် ၃၄ပေရှိ မြေသားလမ်းခင်းကျင်းပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြပြီး လိုအပ်သည်များကို မှာကြားဖြည်ဆည်းပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စစ်ပင်တောင် ကျေးရွာအနီးရှိ ငမိုးရိပ်ရေထိန်းတံခါးသို့ သွားရောက်၍ ရေသိုလှောင်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ တိုင်းဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး စီမံကိန်းဆိုင်ရာ အချက်အလက်များ၊စိုက်ပျိုးရေပေးဝေမှု အခြေအနေ၊ အကျိုးပြုဧက ၅၈၉၅ဧက အပြည့်အဝ ပေးဝေနိုင်အောင် စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြ၍ တိုင်းမှူးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့သည် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ရေကျော်ကျေးရွာအနီးရှိ ရေကျော်ကိုယ့်အားကိုယ်ကိုး လျှပ်စစ်ရေတင်စီမံကိန်း ဧက ၆၀၀သို့ ရောက်ရှိကြ၍ ရေတင်စက်ဖြင့် စိုက်ပျိုးရေပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံ တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လှည်းကူးမြို့နယ် မလစ်ကျေးရွာအနီးရှိ စပါးပန်းတိုင် အထွက်နှုန်း ဧက ၅၀၀အတွင်း နွေစပါးစိုက်ပျိုးဖြစ်ထွန်းနေမှုနှင့် မလစ်လျှပ်စစ် ရေတင်စီမံကိန်း၏ ဧက ၃၀၀ နွေစပါးခင်းများအတွင်း စိုက်ပျိုးရေပေးဝေနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆင်ဖုံကျေးရွာအနီး၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဆင်ဖုံလျှပ်စစ် ရေတင်စီမံကိန်း ဧက ၃၇၀၀ သို့ ရောက်ရှိ၍ စီမံကိန်းလုပ်ငန်းခွင်အတွင်း မြေပေါ်မြောင်းများ ဆောင်ရွက်ပြီးစီးမှု၊ ရေတင်အဆောက်အအုံတည်ဆောက်ပြီးစီးမှုနှင့် ရေငြိမ်ကန်နှစ်ကန် တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဌေးလွင်နှင့် စီမံကိန်းတာဝန်ခံ ဦးမင်းမင်းဇော်တို့က စီမံကိန်းဆိုင်ရာ အချက်အလက်များ၊စီမံကိန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက စီမံကိန်းအမြန်ပြီးစီးသည်နှင့်အမျှ ဒေသခံတောင်သူများ၏ စိုက်ပျိုးရေ လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးနိုင်မည်ဖြစ်၍ စီမံကိန်းအမြန် ပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

(သတင်းစဉ်)





**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်လုပ်ငန်း စီမံကိန်းဇုန်ရှိ “ရွှေမင်းသား” ငံပြာရည်လုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

**ဗိုလ်ကြီးကျော်ဇေယျ-မနန္ဒာဝေဒီ (ဝေဒီဖိနပ်ဆိုင်)မိသားစုက နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ အလှူငွေကျပ် ၁၅၀၀၀၀ ကို ယုဇနပလာဇာ ပထမထပ်ရှိ ဝေဒီဖိနပ်ဆိုင်၌ ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးအေးသန့်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူတို့ လက်ခံရယူစဉ်။** (က-ပ)



## ရန်ကုန်မြို့ မြိတ်အသင်း ဂုဏပူဇာကျင်းပမည်

**ရန်ကုန် မတ် ၅**

နိုင်ငံတော်က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရသော မြိတ်မြို့နယ်မှ ဆရာတော်ကြီးရှစ်ပါးအား မတ် ၁၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် မြိတ်အသင်း အမှတ်(၆၈) လှည်းတန်းလမ်း လမ်းမတော်မြို့နယ်ရုံး၌ ဂုဏပူဇာသဘင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

## မြန်မာစာဘွဲ့ရ ကျောင်းသားများ မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် မတ် ၅**

ရန်ကုန်တက္ကသိုလ် ၁၉၆၉-၇၃ခုနှစ် မြန်မာစာအဓိက ဘွဲ့ရ ကျောင်းသားကျောင်းသူများ၏ အငြိမ်းစား ဆရာ၊ ဆရာမကြီး ၁၃ဦးတို့အား စတုတ္ထအကြိမ်မြောက် ကန်တော့ပွဲနှင့် တွေ့ဆုံပွဲကို ဧပြီ ၁ရက်တွင် အမှတ်(၂၂၁/၂၂၃) ရွှေဂုံတိုင်လမ်း တော်ဝင်နှင်းဆီခြံ၌ ကျင်းပမည်ဖြစ်သည်။ ၁၉၆၉-၇၃ မြန်မာစာဘွဲ့ရ ကျောင်းသားကျောင်းသူများ တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးစိုးညွန့် ဖုန်း-၅၄၂၇၁၉၊ ၅၄၂၇၂၀၊ ဦးစန်းမြင့် ဖုန်း-၂၀၀၀၁၉၊ ဗိုလ်ကြီး စိန်သော် ဖုန်း-၆၃၆၆၃၃၊ ဦးကျော်ဇေယျ ဖုန်း-၀၉၅၀၀၇၈၄၉၊ ဒေါ်ခင်ရွှေဦး ဖုန်း-၅၆၆၁၃၁၊ ၇၀၄၅၆၅၊ ဒေါ်ရီရီတာ ဖုန်း-၅၇၀၅၈၄၊ ဒေါ်နွယ်နွယ်လင်း ဖုန်း-၆၆၀၀၅၀၊ ဒေါ်အေးအေးမော် ဖုန်း-၆၆၀၅၈၆တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

## စွယ်တော်ရတနာစေတီ ဗုဒ္ဓပူဇနိယပွဲ အထူးတရားပွဲများ ကျင်းပမည်

ရန်ကုန် မတ် ၅

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်၌ တစ်နှစ်တစ်ကြိမ် ကျင်းပပူဇော်မြဲဖြစ်သော စွယ်တော်ရတနာစေတီ ဗုဒ္ဓပူဇနိယပွဲတော်ကို မတ် ၁၃ရက် နံနက် ၅နာရီတွင် အရဏ်သစ်သီးဆွမ်းတော်ကြီးကပ်လှူပူဇော်ပြီး ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်မည်ဖြစ်သည်။

အထူးတရားပွဲများကိုလည်းကျင်းပမည်ဖြစ်ရာ မတ် ၁၀ရက်တွင် ဓမ္မစေတီဆရာတော် ဘဒ္ဒန္တကောသလ္လ၊ မတ် ၁၁ရက်တွင် မဇ္ဈိမဂုဏ်ရည်ဆရာတော် ဘဒ္ဒန္တကောဝိဒ၊ မတ် ၁၂ရက်တွင် တိပိဋကဓရ ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ၊ မတ် ၁၃ရက်တွင် ဓမ္မဒူတ ဆရာတော် ဘဒ္ဒန္တဆေကိန္ဒ၊ မတ် ၁၄ရက်တွင် ဆရာတော်ဘဒ္ဒန္တဇေယျပဏ္ဍိတတို့က ညစဉ် ၇နာရီမှ စတင်၍ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

## ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာကျင်းပမည်

ရန်ကုန် မတ် ၅

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကျောက်ကုန်း သုခါပဋိပဒါ သဒ္ဓမ္မရံသီရိပ်သာနာယက၊ ပဲခူးယ်ကုန်းမြို့ မဟာစည်သာသနာ့ရိပ်သာ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တစန္ဒာဝရ၏ မဟာကမ္မဋ္ဌာနာစရိယ ဂုဏဝိသိဋ္ဌ ပူဇာမင်္ဂလာအခမ်းအနားကို မတ် ၁၉ ရက် တပေါင်းလပြည့်ကျော် ၆ ရက် (တနင်္ဂနွေနေ့)တွင် သုခါပဋိပဒါ သဒ္ဓမ္မရံသီ ရိပ်သာ၌လည်းကောင်း၊ မတ်၂၆ရက် တပေါင်းလပြည့်ကျော် ၁၃ရက် (တနင်္ဂနွေနေ့)တွင် ပဲခူးယ်ကုန်းမြို့ မဟာစည်သာသနာ့ရိပ်သာ၌ ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာနှင့် ဝိနယဓရ ကျောင်းဆောင်သစ် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကိုလည်းကောင်း ကျင်းပမည်ဖြစ်၍ ကြွရောက်ကြည်ညိုပူဇော်နိုင်ကြောင်းနှင့် အကြိုတရားပွဲအဖြစ် မတ် ၂၅ရက် ည ၇နာရီတွင် မန္တလေးမြို့ စိန်ပန်းရတနာပုံ မဟာစည်သာသနာ့ရိပ်သာ ပဓာန နာယကဆရာတော် ဘဒ္ဒန္တပညာဝံသက ဟောကြားမည်ဖြစ်သည်။ (သတင်းစဉ်)



ကွယ်လွန်သူ ဦးအေးမင်းအားရည်စူး၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်းနေ ဒေါ်အုံးကြွယ်နှင့် သားသမီး မြေးမြစ်သားစုက ဒဂုံမြို့နယ် အမှတ်(၁၂) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကကျောင်းတော်တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အဆောက်အအုံအတွက် အလှူတော်ငွေကျပ် ငါးသိန်းကို တိပိဋကဆရာတော် ဘဒ္ဒန္တကုဏ္ဍာစရိယထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံပေးအပ် လှူဒါန်းစဉ်။ (ကြေးမုံ)

## ယောနယ်အသင်း ဆရာတော်ကြီးများအား ချီးကျူးပူဇော်မည်

ရန်ကုန် မတ် ၅

၂၀၀၆ခုနှစ်တွင် ဘွဲ့တံဆိပ်တော်များဆက်ကပ်ခြင်းခံရတော်မူသော ယောနယ်ဒေသမှ ဆရာတော်ကြီးငါးပါးနှင့် ယောနယ်ဇာတိဖွား မည်သည့်မြို့နယ်မှဖြစ်စေ ဘွဲ့ခံဆရာတော်များအား ချီးကျူးပူဇော်ပွဲကို မတ် ၁၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ လမ်း(၄၀) အမှတ်(၂၀၂) ယောနယ်အသင်းတိုက်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် အသင်းတိုက် ဖုန်း-၃၈၂၅၈၊ ဥက္ကဋ္ဌ ဦးအေးမောင် ဖုန်း-၂၄၀၆၁၄၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြ ဖုန်း-၃၈၆၄၄၇၊ အတွင်းရေးမှူး ဦးသာလှ ဖုန်း-၃၈၀၄၄၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

## ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်

ရန်ကုန် မတ် ၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့ တပ်ဦးကျောင်းတိုက်ဆင်များရှင် ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၈)ကြိမ်မြောက် သံဃဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မတ် ၁၃ ရက် တပေါင်းလပြည့်နေ့ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် တပ်ဦးကျောင်းဆရာတော်များနှင့် ဂေါပကအဖွဲ့က ဦးဆောင်၍ တန့်ယန်းမြို့ပေါ်ရှိကျောင်းတိုက်အသီးသီးတို့မှ ပင့်သံဃာတော် ၁၀၈ပါးတို့အား ဆင်များရှင်စေတီကုန်းတော်ပေါ်၌ လောင်းလှူပူဇော်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် မြန်မာ့ဂုဏ်ရောင်အိမ်ရာ မြို့ဦးပရိယတ္တိစာသင်တိုက်၌ စာချ စာအောင် သံဃာတော်များအား ဂုဏ်ပြု ပူဇော်ပွဲကို မတ် ၂ ရက်က ကျင်းပရာ သာသနဓဇဓမ္မာစရိယဘွဲ့ရ အရှင်နာရဒထံ ပူဇော်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးရွှေနီနှင့် အတွင်းရေးမှူး ဦးလှသွင်တို့က လှူဖွယ်ဝတ္ထုများ ဆက်ကပ်စဉ်။ (၅၃၅)

လောင်စာအတွက် သုံးစွဲရန် အခြောက်လှန်းထားသော နွားချေးခြောက်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## ကြေးမုံ The Mirror အင်တာနက် သတင်းများ



### အာကာသယာဉ်မှူးများ ဝတ်ဆင်သည့် ဝတ်စုံကို မီးသတ်သမားများအတွက် ပြောင်းလဲထုတ်လုပ်နိုင်

ဂျီနိုအာ(အီတလီ) မတ် ၅

အာကာသယာဉ်မှူးများ အသုံးပြုသည့် ဝတ်စုံတစ်မျိုးကို ပြုလုပ်ရာ၌ အသုံးပြုသော နည်းပညာဖြင့် မီးသတ်သမားများအတွက် အကာအကွယ်ဝတ်စုံ ထုတ်ယူနိုင်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက စနေနေ့တွင် ပြောကြားသည်။ ဥရောပအာကာသအေဂျင်စီ၏ နည်းပညာလွှဲပြောင်းပေးအပ်ရေးအစီအစဉ်အရ အီတလီ၊ ဘယ်လ်ဂျီယံနှင့် ပိုလန်နိုင်ငံတို့မှ အငယ်စားနှင့် အလတ်စားအဆင့်ရှိ ကုမ္ပဏီများ ပါဝင်သော လုပ်ငန်းအုပ်စုတစ်စုသည် အီတလီနိုင်ငံရှိ အင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီတစ်ခု၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မီးသတ်သမားများအတွက် အထူးဝတ်စုံတစ်မျိုးကို တီထွင်ထုတ်လုပ်ထားသည်။

လက်ရှိအသုံးပြုနေသော မီးသတ်သမားများအတွက် အကာအကွယ်ဝတ်စုံသည် အားနည်းချက်များ ရှိနေကြောင်း၊ ယင်းမှာ အလွန်ပူပြင်းသော အခြေအနေတွင် လုပ်ကိုင်ရာ၌ အပူဒဏ်ကိုကာကွယ်ပေးသော အအေးဓာတ်ပေးစနစ် စွမ်းဆောင်မှုနည်းပါးခြင်းဖြစ်ကြောင်း အပူဒဏ်ခံဝတ်စုံ ထုတ်လုပ်ရေးစီမံကိန်း၏မန်နေဂျာ ကာရိုစီရိုက ပြောကြားသည်။ *အင်တာနက်။*



မီးသတ်သမားများ အတွက် အထူးဝတ်စုံတစ်မျိုးကို အာကာသယာဉ်မှူး ဝတ်စုံပေါ်တွင် အခြေခံ၍ ထုတ်လုပ်နိုင်တော့မည်ဖြစ်သည်။ (ဓာတ်ပုံ-အင်တာနက်)

### နွားချေးမှဓာတ်ဆီ ထုတ်ယူမှုနည်းလမ်းသစ် ဂျပန်သိပ္ပံပညာရှင်များ အောင်မြင်စွာဖော်ထုတ်

တိုကျို မတ် ၅

**ဂျပန်သိပ္ပံပညာရှင်များသည် နွားချေးမှ ဓာတ်ဆီထုတ်ယူမှုနည်းလမ်းကို အောင်မြင်စွာဖော်ထုတ်နိုင်မည်ဖြစ်ကြောင်း တိုကျိုလယ်ယာစိုက်ပျိုးရေးနှင့် နည်းပညာတက္ကသိုလ်မှ လယ်ယာစိုက်ပျိုးရေးအင်ဂျင်နီယာ ပါမောက္ခ ဆာကီရီဘူဆာဝါက စနေနေ့တွင် ပြောကြားသည်။**

ပါမောက္ခဆာကီဦးဆောင်သော သိပ္ပံပညာရှင်များသည် လေဖိအားနှင့်အပူချိန်ကို မြှင့်တင်သည့်နည်းလမ်းဖြင့် နွားချေး ၃ ဒသမ ၅ အောင်စလျှင် ဓာတ်ဆီ သုည ဒသမ ၀၄၂ အောင်စနှုန်းဖြင့် ထုတ်ယူနိုင်ခဲ့ကြောင်း သိရသည်။

နွားချေးမှ ဓာတ်ဆီထုတ်ယူမှုနည်းပညာသစ် ပေါ်ထွန်းလာခြင်းဖြင့် မွေးမြူရေးသမားများအတွက် အကျိုးကျေးဇူး ရရှိခံစားစေနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဂျပန်နိုင်ငံသည် စွမ်းအင်လိုအပ်ချက် ကြီးမားသောနိုင်ငံဖြစ်သည့်အပြင် တိရစ္ဆာန်များမှ ထွက်ရှိသည့် စွန့်ပစ်အညစ်အကြေးများကို သန့်စင်ရသည့် လုပ်ငန်းတာဝန်မှာလည်း များပြားကြောင်း၊ နွားများမှ ထွက်ရှိသည့် စွန့်ပစ်အညစ်အကြေးများကိုအသုံးပြု၍ ဓာတ်ဆီထုတ်ယူနိုင်ခြင်းဖြင့် စီးပွားရေးအရ အကျိုးအမြတ် ဖြစ်ထွန်းပေါ်ပေါက်မည်ဖြစ်ကြောင်း ဆာကီက ပြောကြားသည်။

ဂျပန်နိုင်ငံတွင် နှစ်စဉ် ကျွဲ၊ နွားများမှထွက်ရှိသော နွားချေးပမာဏမှာ ၅၅၁၁၅၅ တန်ရှိကြောင်း ၎င်းက ပြောကြားသည်။

နွားချေးမှ ဓာတ်ဆီထုတ်ယူနိုင်သည်ဟူ၍ မိမိ ကြားဖူးခဲ့ခြင်းပင်မရှိကြောင်း အမျိုးသားအရင်းအမြစ်များနှင့် စွမ်းအင်အေဂျင်စီမှ တာဝန်ရှိသူ တိုမီယာကီတာမူရာက ပြောကြားသည်။

ဂျပန်နိုင်ငံသည် ရေနံနှင့်ဓာတ်ဆီ လိုအပ်ချက်အတွက် ပြည်ပမှ လောင်စာသွင်းကုန်များအပေါ်တွင် မှီခိုအားထားနေရသည်။ ပါမောက္ခဆာကီသည် သိပ္ပံနှင့်နည်းပညာသိပ္ပံမှ သုတေသီများနှင့်အတူ နွားချေးကိုအသုံးပြု၍ ဓာတ်ဆီထုတ်ယူသည့် လုပ်ငန်းစဉ်ကို ဆောင်ရွက်ခဲ့သည်။ သုတေသီများသည် လှောင်ကန်တစ်ကန်အတွင်း နွားချေးများကို ထည့်သွင်းပြီးနောက် လေဖိအားကိုမြှင့်တင်လိုက်ပြီး ၃၀၀ ဒီဂရီဆဲလ်ဆီးယပ်စ် ၅၇၂ ဖာရင်ဟိုက်အထိ အပူချိန်ကို တိုးပေးကာ လောင်စာထုတ်ယူသည်။ ယင်းလုပ်ငန်းစဉ်တွင် သတ္တုဓာတ်ပြောင်း ပစ္စည်းတစ်မျိုးကို သုံးစွဲရသော်လည်း ယင်းဓာတ်ပြောင်း ပစ္စည်းနှင့်ပတ်သက်၍ ပါမောက္ခဆာကီက ထုတ်ဖော်ပြောကြားခြင်း မရှိပေ။ နွားချေးမှ ဓာတ်ဆီကိုထုတ်ယူသည့် နည်းပညာဖြင့် လာမည့်ငါးနှစ်တာကာလအတွင်း စီးပွားဖြစ်ထုတ်ယူနိုင်ရန် မိမိတို့ မျှော်လင့်ကြောင်း သုတေသနအဖွဲ့က ပြောကြားသည်။

*အင်တာနက်။*



လောင်စာအတွက်အသုံးပြုရန် အာဖဂန်မိန်းကလေးတစ်ဦး နွားချေးများကို စုဆောင်းရယူနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## ပုညာရာမမိုးကုတ်ရိပ်သာ ၁၅ရက် တရားစခန်း

ရန်ကုန် မတ် ၅

သာကေတမြို့နယ် အမှတ်(၉) ရပ်ကွက် နဝရတ်လမ်းရှိ ပုညာရာမမိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ မတ် ၁၁ ရက်မှ ၂၅ရက်ထိ ၁၅ရက် တရားစခန်းပွဲ ကျင်းပမည်ဖြစ်သည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရိပ်သာ၏ ပဓာန နာယက ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်ပုညာနန္ဒ (ဗဟုဇနဟိတဓရ)က ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများသည် မတ် ၁၀ရက် ညနေအရောက် လာရောက်ကြရန်နှင့် ရိပ်သာဖုန်း-၅၄၇၄၅၁ သို့ ဆက်သွယ်စာရင်းပေးသွင်း လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

## ဗုဒ္ဓဒေသနာ သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၅

ဗုဒ္ဓဒေသနာနှင့် ဝိပဿနာပြန့်ပွားရေးအဖွဲ့ ပဓာန နာယကဆရာကြီး ဦးဌေးအောင် (မဟာသဒ္ဓမ္မဇောတိကဓဇ) သင်ကြားသော (၂၃)ကြိမ်မြောက် ဗုဒ္ဓဒေသနာသင်တန်းကို ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီး အာဇာနည်လမ်း ရှင်သာမဏေဓမ္မဗိမာန်၌ မတ် ၁၈ ရက် (စနေနေ့)မှစ၍ မေ ၁၄ရက် (တနင်္ဂနွေနေ့)အထိ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ညနေ ၃ နာရီမှ ၅ နာရီအထိ ဓမ္မဒါနသင်ကြားပို့ချမည်ဖြစ်သည်။ ဗုဒ္ဓနည်း နာမ်ရုပ် လေ့ကျင့်ရေးအလုပ်ကို မေ ၁၈ ရက်မှ ၂၆ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄နာရီအထိ ဖွင့်မည်ဖြစ်ပါသဖြင့် စာရင်းပေး တက်ရောက်နာကြား ပွားများနိုင်ကြောင်း သိရသည်။ (က-ပ)



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းတို့ ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့နှင့် ပျိုးကိုင်းများကို ပျိုးအိတ်များအတွင်း ပျိုးထောင်ပေးစဉ်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက ခြံစည်းရိုးကြက်ဆူပင် ပျိုးပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

**အထိမ်းအမှတ်အလံပေးအပ်**

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းတို့အား ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်က ခြံစည်းရိုးကြက်ဆူ မျိုးစေ့၊ ပျိုးကိုင်းများ ရာနှုန်းပြည့် ကျော်လွန်စုဆောင်း ပျိုးထောင်ထားရှိမှု အထိမ်းအမှတ်အလံကို ပေးအပ်သည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်က ခရိုင်အတွင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း တိုင်းမန်နေဂျာ ဦးအောင်ဆန်းက ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်စိုက်ပျိုးရာ၌ သိရှိသင့်သည့် အချက်များကို ရှင်းလင်းတင်ပြသည်။

**ဖြန့်ဝေပေး**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းတို့က ခြံစည်းရိုးကြက်ဆူ မျိုးစေ့နှင့် ပျိုးကိုင်းများကို ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စက်မှုဇုန်ကြီးကြပ်ရေး ကော်မတီဝင်များနှင့် မြို့နယ်များမှ ကိုယ်စားလှယ်များအား ဖြန့်ဝေပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းနှင့် တာဝန်ရှိသူများသည် ခြံစည်းရိုးကြက်ဆူ မျိုးစေ့နှင့် ပျိုးကိုင်းများအား ပျိုးအိတ်များအတွင်း ပျိုးထောင်ပေးကြသည်။

**လှည့်လည်ကြည့်ရှုအားပေး**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်နှင့် စက်မှုဇုန်များက ခင်းကျင်းပြသထားသည့် ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့၊ ပျိုးကိုင်း၊ ပျိုးပင်နှင့် ပျိုးထောင်စိုက်ပျိုးမှုဆိုင်ရာ မှတ်တမ်းဓာတ်ပုံများကို လည်းကောင်း၊ ပျိုးဥယျာဉ်အတွင်း လူမှုရေးအသင်းအဖွဲ့ဝင်များက ခြံစည်းရိုးကြက်ဆူပင် စုပေါင်းပျိုးထောင်နေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှု အားပေးကြသည်။

**စိုက်ပျိုးပေး**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းတို့က ပျိုးပွဲတော်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ခြံစည်းရိုး ကြက်ဆူပင်များ စိုက်ပျိုးပေးကြသည်။

**ရေပက်ဖျန်းပေး**

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းက ခြံစည်းရိုးကြက်ဆူ ပျိုးဥယျာဉ်ရှိ ပျိုးပင်များကို စက်ခလုတ်ဖွင့်၍ ရေပက်ဖျန်းပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် တစ်ခုလုံးတွင် ခြံစည်းရိုးကြက်ဆူ ပျိုးပင် ၃၂၀၀၀၀၊ မျိုးစေ့ ၄၄၄ တင်း၊ ပျိုးကိုင်း ၁၉၀၀၀၀ ကျော် စုဆောင်းထားရှိပြီးဖြစ်ရာ စုဆောင်းရရှိမှုရာခိုင်နှုန်း ၁၁၈ ဒသမ ၈၂ ရာခိုင်နှုန်းဖြစ်သည်။ ယခုအခါ မျိုးစေ့ဖြင့် ၁၂ ဒသမ ၀၄ ဧက၊ ပျိုးကိုင်းဖြင့် ၅ ဒသမ ၆၆ ဧက စုစုပေါင်း ၁၇ ဒသမ ၇ ဧက စိုက်ပျိုးပြီးဖြစ်သည်။

**ပျိုးထောင်ထားရှိ**

ခရိုင်တစ်ခုလုံးတွင် ခြံစည်းရိုးကြက်ဆူ ဧက ၇၀၀၀ ကျော် စိုက်ပျိုးသွားရန် ရည်မှန်းထားပြီး ခရိုင်အတွင်းရှိ မြို့နယ်များ၌ ပျိုးဥယျာဉ်ပေါင်း ၂၂၉ ခု၊ စက်မှုဇုန် ၁၀ ဇုန်တွင် ပျိုးဥယျာဉ်ပေါင်း ၁၀ ခုတို့ကို စနစ်တကျ ပျိုးထောင်ထားရှိပြီးဖြစ်သည်။ (သတင်းစဉ်)



**ကြည့်ရှုအားပေး**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းတို့ မြို့နယ်များ၊ စက်မှုဇုန်များက ခင်းကျင်းပြသထားသည့် ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့၊ ပျိုးကိုင်း၊ ပျိုးပင်နှင့် ဓာတ်ပုံမှတ်တမ်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

# ၂၀၀၆ ခုနှစ် (၆၁) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကဗျာပြိုင်ပွဲ ဆုရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် မတ် ၅

**၂၀၀၆ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ကဗျာနှင့် အနုပညာပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ ကဗျာပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီက ကဗျာပြိုင်ပွဲဆုရရှိသူများ စာရင်းကို ထုတ်ပြန်ကြေညာသည်။**

**(က) ကဗျာရှည်အဆင့်(၁)**

(၁) ပထမဆု။ တက္ကသိုလ်မောင်သန့်စင်၏ "လမင်းနိုင်ငံ"
(၂) ဒုတိယဆု။ တင့်ထွန်း(ချောက်)၏ "အမျိုးသားရေးခင်မွေ့ အဘိုးမြေး ခြေသံ့"
(၃) တတိယဆု။ မျိုးစစ်သည်၏ "အားဆယ်တန် ဂုဏ်အစွမ်းနှင့် ခြုံလွှမ်းခဲ့သော တပ်မတော်"
(၄) အထူးဆု(၁)။ စွမ်းဝေ(ဓနိကုန်း)၏ "ရွှေမြေတစ်ခေတ် ရွှေပြည်သစ် ပြည်ချစ်ပန်းများမွှေးတော့သည်"
(၅) အထူးဆု(၂)။ မောင်သက်နှင်း(မ/ဥ)၏ "မျိုးရိုးနှင့်ရာဇဝင် မော်ကွန်းတည်"

**(ခ) ကဗျာတိုအဆင့်(၁)**

(၁) ပထမဆု။ ပုဏ္ဏဝတီတင့်နှောင်း၏ "မော်ကွန်းအလှဖော်ညွှန်းကြ တက်ကြွညီညီ တို့ရွှေပြည်"
(၂) ဒုတိယဆု။ မစောဠက္ကန္ဒာသက်မောင်၏ "ပြည်သူကွန်းခိုမြရိပ်ညို"
(၃) တတိယဆု။ ရွှေညာသားမြတ်မင်း၏ "စည်းလုံးချစ်ကြည်နိုင်ငံတော်သစ်ဆီ"
(၄) အထူးဆု(၁)။ မောင်ဘုန်းဝေ (တောင်ကုတ်)၏ "ဦးညွှတ်ယုံကြည် ဂုဏ်ရည်မြင့်မော် မြန်မာ့တပ်မတော်"
(၅) အထူးဆု(၂)။ မျိုးခိုင်(မူဆယ်)၏ "သမိုင်းတစ်ခေတ် ထုဆစ်ပုံဖော် တပ်မတော်"
(၆) အထူးဆု(၃)။ မောင်သန့်ဇင်၏ "ပန်းတစ်ခင်း၏ သင်းပျံ့ဂုဏ်ရည်"
(၇) အထူးဆု(၄)။ သူဇာနွယ်(ဖျာပုံ)၏ "ထွန်းပြောင်မှတ်တမ်း သမိုင်းလမ်း"

**(ဂ) ကဗျာရှည်အဆင့်(၂)**

(၁) ပထမဆု။ မောင်သာမန်၏ "ဗိုဇမှန်ကန် မျိုးထက်သန် ထိုက်တန်မော်ကွန်း ဂုဏ်တင်မွန်း"
(၂) ဒုတိယဆု။ မင်းသွေးနွယ် (ဓနိကုန်း)၏ "ရွှေနိုင်ငံ ရွှေကမ္ဘည်းနှင့် ရွှေခရီး ရွှေပန်းတိုင်"
(၃) တတိယဆု။ ရွှင်လန်း၏ "အနာဂတ်၏ ရွှေရောင်လမ်း"
(၄) အထူးဆု(၁)။ မောင်စိုးထိုက် (သုံးဆယ်)၏ "စိတ်ထားစိတ်ဓာတ် မြင့်မြတ်ဂုဏ်ရည် မြန်မာပြည်ဖွားစစ်သားတို့သည်"
(၅) အထူးဆု(၂)။ မောင်သီတာ(အသုတ်)၏ "အနာဂတ်လမ်းစဉ်မော်ကွန်းတင် ဖြူစင်နှလုံးသား စွမ်းရည်များ"
(၆) အထူးဆု(၃)။ ဟန်သိန်းသာ(တိတ်ပု)၏ "ကြီးမားဂုဏ်ရည် စဉ်လာညီသော ပြည်သူ့အတွက်တပ်မတော်"
(၇) အထူးဆု(၄)။ ဘုန်းရဲနိုင် (ဂန့်ဂေါ)၏ "သားချစ်တွေ အားသစ်စေ ဓားထက်လေ"

**(ဃ) ကဗျာတိုအဆင့်(၂)**

(၁) ပထမဆု။ မေသက်နွယ်ဦး၏ "တွေးအယူတူမျှ ဖေးကူထူမ အေးလူကြူမြ ပြည်သစ်လမ်း"
(၂) ဒုတိယဆု။ မောင်တင်ထွန်း(ကန်သာလေး)၏ "ရွှေခေတ် ရွှေနိုင်ငံ ရွှေမော်ကွန်း"
(၃) တတိယဆု။ အောင်ခြိမ့်မိုး၏ "မြန်မာပြည်ကာကွယ်မည်"
(၄) အထူးဆု(၁)။ သိုက်နွယ်၏ "ပေါင်းစုလက်နှင့် တောင်းဆုခြွေသည်"
(၅) အထူးဆု(၂)။ ရည်မွန်အောင်(ပြည်တက္ကသိုလ်)၏ "ရွှေပြည်တော်သစ်ဆီသို့"
(၆) အထူးဆု(၃)။ ဇလွန်မောင်စိမ်းအောင်၏ "ဖန်တီးရှင်အစစ် လမ်းထွင်သစ်၊ ထုဆစ်ပုံဖော် တပ်မတော်"
(၇) အထူးဆု(၄)။ မြင့်(ရွှေဘို)၏ "တပ်မတော်အင်အား ပြည့်အင်အား ဝင့်ကြွားဂုဏ်ရည် သက်သေတည်"
(၈) အထူးဆု(၅)။ မုန်းမုန်းမင်း(မိုးညှင်း)၏ "ဘက်စုံဖွံ့ဖြိုး ရှေ့သို့တိုးမည် ပြည်ကျိုးဆောင်ဖော် တပ်မတော်"
(၉) အထူးဆု(၆)။ မြသီဂီ၏ "ပြည်သူ့စစ်သည်တော်"
(၁၀) အထူးဆု(၇)။ အင်ဆူး (စွမ်းအင်)၏ "ရွှေပြည်သစ်ဆီ မျှော်ရည်မှန်း"
(၁၁) အထူးဆု(၈)။ သလ္လာမြေ ရင်ငြိမ်းပန်း၏ "အောင်ပွဲခံယူ အောင်လံထူ တို့ပြည်သူနှင့် တို့တပ်မတော်"

ဆုရရှိသူများအားလုံးသည် ကဗျာပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးအုန်းမောင်(ငြိမ်း) (မြင်းမူမောင်နိုင်မိုး) စာတည်းမှူးချုပ် နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ စာပေဗိမာန် ၅၂၉/၅၃၀ ကုန်သည်လမ်း ဖုန်း-၃၇၄၅၃၂ ရန်ကုန်မြို့သို့ အမြန်ဆက်သွယ်အကြောင်းကြားရန်ဖြစ်သည်။ (သတင်းစဉ်)



# ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့် ပျိုးကိုင်းများ ဖြန့်ဝေ

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဝင်များနှင့် မြို့နယ်များမှ ကိုယ်စားလှယ်များအား ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့် ပျိုးကိုင်းများ ဖြန့်ဝေပေးစဉ်။** (သတင်းစဉ်)

## ❐ ကျောဖုံးမှ

ရထားပြေးဆွဲပေးခဲ့ပြီဖြစ်ကြောင်း၊ အရှေ့ပိုင်းတက္ကသိုလ်(သန်လျင်)သို့လည်း ရထား ပြေးဆွဲနိုင်ရန် လုပ်ငန်းများ အမြန်ပြီးစီးအောင် ဆောင်ရွက်နေကြောင်း၊ ယခုလည်း ကွန်ပျူတာ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေစေရန် လှော်ကားဘူတာမှ ကွန်ပျူတာတက္ကသိုလ်အထိ ကုန်းလမ်းပို့ဆောင်ရေး မော်တော်ယာဉ်များဖြင့် သယ်ပို့ပေးလိုသဖြင့် အသေးစိတ်လာရောက် ကြည့်ရှုခြင်းဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအတွက် မီးရထား လပေး လက်မှတ်များ ရောင်းချရာတွင် ကားခပါ တစ်ပါတည်း ထည့်သွင်း၍ ရောင်းချပေးရန်ဖြစ်ကြောင်း အသေးစိတ် မှာကြားသည်။ ယင်းနောက် လှော်ကားဘူတာကို အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီး ဦးဖေသန်းက ကုန်းလမ်းပို့ဆောင်ရေး မော်တော်ယာဉ် ရပ်နားစခန်းနေရာ၊ ကျောင်းသားများအတွက် ပြုလုပ်ပေးမည့် ကားဂိတ်နေရာများကို ရှင်းလင်းပြသရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မြန်မာ့မီးရထားနှင့် ကုန်းလမ်းပို့ဆောင်ရေး ဌာနတို့မှ တာဝန်ရှိသူများအား ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ဆောင်ရွက်နေမှုများကို အသေးစိတ် ရှင်းလင်းမှာကြားပြီး နံနက် ၉နာရီ ၄၅မိနစ်တွင် ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

## ● ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီမှ

အလားအလာများနှင့် သဘာဝဓာတ်ငွေ့ရည်(LNG) စက်ရုံတည်ဆောက်နိုင်မည့် အလားအလာများကို ဆွေးနွေးညှိနှိုင်းပြီး ငွေဘူမိအနေအထားနှင့် ရွှေနီလာဘူမိအနေအထားများတွင် ရှာဖွေရေးတွင်းများ တူးဖော်ခြင်းလုပ်ငန်းကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန် မှာကြားသည်။

### ဆွေးနွေးညှိနှိုင်း

ဆက်လက်၍ ဝန်ကြီးနှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် ဆောင်ရွက်သွားမည့် အစီအစဉ်များကို အသေးစိတ် ဆွေးနွေးညှိနှိုင်းကြသည်။ ထို့နောက် ဝန်ကြီးက တွင်းတူးဖော်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိကြသော နိုင်ငံခြားသားပညာရှင်များနှင့် မြန်မာဝန်ထမ်းများအား ဂုဏ်ပြုသစ်သီးခြင်း ပေးအပ်ချီးမြှင့်သည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တူးဖော်ရေးစင် Nan Hai ပေါ်သို့ လှည့်လည်ကြည့်ရှုပြီး မြ အစမ်းတွင်းအမှတ်(၁)အား သဘာဝဓာတ်ငွေ့မီးရှို့စမ်းသပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

### နှစ်ထရီလီယံကုဗပေ

အဆိုပါ လုပ်ကွက်အမှတ် A-3 သည် ရခိုင်ကမ်းလွန်ဒေသ လုပ်ကွက်အမှတ် A-1 ရွှေသဘာဝ ဓာတ်ငွေ့သိုက်ကြီး၏တောင်ဘက်တွင် ကပ်လျက်တည်ရှိသည်။ ပဏာမ စမ်းသပ်တွေ့ရှိချက်များအရ မြသဘာဝဓာတ်ငွေ့သိုက်တွင် သဘာဝဓာတ်ငွေ့ ပမာဏ နှစ်ထရီလီယံ ကုဗပေခန့်ခိုအောင်းနိုင်ကြောင်း သိရှိရသည်။ လုပ်ကွက် A-3 အတွင်းတွင် မြဘူမိအနေအထားအပြင် အခြားပေနက်ပိုင်း ဘူမိအနေအထားများတွင်လည်း နောက်ထပ် သဘာဝဓာတ်ငွေ့သိုက်အသစ်များ ထပ်မံတွေ့ရှိနိုင်မည့် အလားအလာ များစွာ ကောင်းမွန်ကြောင်း သိရသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၆-၃-၂၀၀၆ (တနင်္လာနေ့)**

**[(၁၃၆၇ခုနှစ်၊တပေါင်းဆန်း(၈)ရက်(ဥပုသ်နေ့)]**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်** |
| ၇:၂၅ | ၂။ | ကျန်းမာဖို့အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇:၅၀ | ၅။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ |
| ၈:၀၀ | ၆။ | အတီးပြိုင်ပွဲ |
| ၈:၁၀ | ၇။ | ချစ်စရာ့အရွယ်ကကြိုးသွယ် |
| ၈:၂၀ | ၈။ | အဆိုပြိုင်ပွဲ |
| ၈:၂၅ | ၉။ | ကျောက်တစ်လုံးရေကူ ရေလှောင်တမံ |
| ၈:၃၀ | ၁၀။ | International News. |
| ၈:၄၅ | ၁၁။ | Grammar Made Easy. |
| ၉:၀၀ | ၁၂။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၄:၂၀ | ၃။ | Practice in Reading. |
| ၄:၄၀ | ၄။ | တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ(၂၀၀၃)ခုနှစ် |
| ၄:၅၅ | ၅။ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ဓာတုဗေဒ၊သတ္တဗေဒ အထူးပြုများ)(ဓာတုဗေဒ) |
| ၅:၀၅ | ၆။ | တေးဂီတအစီအစဉ် |
| ၅:၁၅ | ၇။ | အကပဒေသာ |
| ၅:၂၅ | ၈။ | မြန်မာစာ၊ မြန်မာစကား |
| ၅:၃၅ | ၉။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအဆိုအကများ |
| ၅:၄၅ | ၁၀။ | "ဆွေမျိုးတော်ပေမယ့်" (ဒုရဲမှူးတင်လင်း၊ဆောင်းအိန္ဒြေထွန်း၊ဗေဒါ) (ဒါရိုက်တာ-သက်တင်) |
| ၅:၅၀ | ၁၁။ | တေးဂီတအစီအစဉ်(မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း) |
| ၆:၀၀ | ၁၂။ | ညနေခင်းသတင်း |
| ၆:၃၀ | ၁၃။ | မိုးလေဝသအခြေအနေ |
| ၆:၃၅ | ၁၄။ | **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး" (အပိုင်း-၆၉)** |
| ၆:၅၅ | ၁၅။ | အတီးပြိုင်ပွဲ |
| ၇:၁၀ | ၁၆။ | (၆၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် |
| ၇:၂၅ | ၁၇။ | စက်မှုစွမ်းအားခေတ်ကျော်လွှား |
| ၇:၃၅ | ၁၈။ | တေးဂီတအစီအစဉ် |
| ၈:၀၀ | ၁၉။ | ပြည်တွင်းသတင်း |
| | ၂၀။ | နိုင်ငံတကာသတင်းများ |
| | ၂၁။ | မိုးလေဝသအခြေအနေ |
| | ၂၂။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ပျော်ရွှင်ဖွယ်နေ့ကလေးများ" (အပိုင်း-၁၅)** |
| | ၂၃။ | **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်** |
| | ၂၄။ | နောက်တစ်နေ့အစီအစဉ် |
| | ၂၅။ | အစီအစဉ်ပြီး၏။ |

# ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် ပွေးလှစ်ပြကျေးရွာ ဘက်စုံဖွံ့ဖြိုးတိုးတက်

ရန်ကုန် မတ် ၅

**နိုင်ငံတော်၏ ဒေသအသီးသီး ကွက်လပ်မကျန်မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်အစိုးရက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများချမှတ်လျက် စီမံချက်ရှိရှိ ဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းသို့ ကျေးလက်ဒေသနေပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေးကိုလည်း အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။**

ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပြစည်ပင်သာယာ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်တကွ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျေးလက်လမ်းများ ကောင်းမွန်ရေးတို့ကိုပါ ဆောင်ရွက်ပေးလျက်ရှိရာ တောင်ကြီးခရိုင်၊ ပင်းတယမြို့နယ်၊ ပွေးလှစ်ပြကျေးရွာ၌ ကန်ထောင့်ရွာကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ရက် နံနက်ပိုင်းတွင် ကျင်းပသည်။ ယင်းအခမ်းအနားသို့ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်အင်အား ၃၀၀၀ ကျော်တက်ရောက်ကြပြီး ကျေးရွာလမ်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမြင့်စိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးတင့်နှင့် ကျေးရွာ ဥက္ကဋ္ဌ ဦးလှစိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းပွေးလှကျေးရွာအုပ်စု၊ ကန်ထောင့်ရွာကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသည် အကျယ် ၁၂ ပေ၊ အရှည် ပေ ၁၁၀၀ရှိပြီး ပြည်သူလူထုက ငွေကျပ် သိန်း ၃၀ အကုန်အကျခံကာ ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်ခဲ့ကြောင်းသိရှိရသည်။

ပွေးလှစ်ပြရွာမှ ပွင့်လန်းရွာချင်းဆက်လမ်းအရှည် ပေ ၂၅၀၀၊ ရောက်ပင် အတွင်းလမ်း အရှည်ပေ ၂၀၀၀၊ စကြာကုန်းလမ်း အရှည်ပေ ၁၅၀၀ ၊ ဝါတရာ-ရောက်ပင်ရွာချင်းဆက်လမ်း ပေ ၃၀၀၀ တို့ကိုလည်း ဖောက်လုပ်ပြီးစီးနေကြောင်း တွေ့ရှိရသည်။

ဆက်လက်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတစ်ခုအဖြစ် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးနိုင်ရန် ပွေးလှစ်ပြကျေးရွာ ခြံစည်းရိုးကြက်ဆူပင် ပျိုးပွဲတော်ကို ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူလူထု စုပေါင်းပြီး ခြံစည်းရိုးကြက်ဆူ ပျိုးပင်ပေါက် အပင်ပေါင်း ၈၀၀၀၀ ကို တပျော်တပါး စိုက်ပျိုးကြသည်။

ထို့နောက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းသုံး ခြံစည်းရိုးကြက်ဆူဆီ အသုံးပြုမှု သရုပ်ပြပွဲတွင် လယ်ယာ-၁၆ လက်တွန်းထွန်စက်၊ မီးစက်၊ ရေတင်စက်၊ ဖန်မီးအိမ် စသည်တို့တွင် ကြက်ဆူဆီဖြင့် သရုပ်ပြမောင်းနှင်ပြသရာ ဒေသခံတိုင်းရင်းသားပြည်သူအများ စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။ ပင်းတယမြို့နယ်တွင် ခြံစည်းရိုးကြက်ဆူပင် ၁၉၈၉ ဧက စိုက်ပျိုးပြီးစီးပြီး ပျိုးပင်ပေါင်း ၃၂၀၀၀၀ ပျိုးထောင်ပြီးဖြစ်သည်။ ပင်းတယမြို့နယ်အပါအဝင် တောင်ကြီးခရိုင်တွင် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ခြံစည်းရိုးကြက်ဆူပင်များကို အောင်အောင်မြင်မြင် ဖိဖိစီးစီး တိုးချဲ့စိုက်ပျိုးလျက်ရှိရာ ဖေဖော်ဝါရီ ဒုတိယပတ်အတွင်း ၁၄၂၃၄ ဧက စိုက်ပျိုးပြီးဖြစ်သည့်အပြင် ပျိုးပင်ပေါင်း ၁၆၆၄၀၀၀ ပျိုးထောင်ပြီး ၂၀၀၆ ခုနှစ်အတွင်း ဧက ၇၀၀၀၀ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်များနှင့် ကျေးရွာများအလိုက် တာဝန်ပေးအပ်ဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။

ယင်းနောက် ပွေးလှစ်ပြကျေးရွာရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ထားသည့် "ပညာပျိုးခင်း" စာကြည့်တိုက်တွင် စာအုပ် လှူဒါန်းပွဲကျင်းပရာ ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြလွင်က သုတ၊ ရသစာအုပ် ၁၀၀ ကိုလည်းကောင်း၊ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့မှ ဒေါက်တာဒေါ်ဝင်းနုနုသန့်ကမဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံစောင်ရေ ၁၀၀ကိုလည်းကောင်း၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဝင်းကြည်က ရေဒီယိုကက်ဆက်တစ်လုံးကိုလည်းကောင်း၊ ပွေးလှစ်ပြကျေးရွာ ရပ်မိရပ်ဖများနှင့် ပအိုဝ်းတိုင်းရင်းသားအဖွဲ့ ဦးစိုးတင့်က ငွေကျပ် ၉၀၀၀၀ ကိုလည်းကောင်း ကျေးရွာဥက္ကဋ္ဌ ဦးလှစိန်ထံ ပေးအပ်လှူဒါန်းသည်။ ယင်း "ပညာပျိုးခင်း" စာကြည့်တိုက်အပါအဝင် ပင်းတယမြို့နယ်အတွင်းရှိ ကျေးရွာတိုင်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ၁၄၁ တိုက် ဖွင့်လှစ်ပြီးကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့မှ ဒေါက်တာ ဒေါ်ဝင်းနုနုသန့်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြလွင်တို့သည် ပွေးလှစ်ပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းခန်းမ၌ ကျင်းပသော မူးယစ်ဆေးဝါးကင်းစင်ရေး ဟောပြောပွဲသို့ တက်ရောက်အားပေးချီးမြှင့်ပြီး ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့မှ ဒေါက်တာ ဒေါ်ဝင်းနုနုသန့်က မူးယစ်ဆေးဝါးကင်းစင်ရေးနှင့် ပတ်သက်၍ ရှင်းလင်းဟောပြောသည်။

ထို့နောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြမြလွင်နှင့် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့မှ ဒေါက်တာ ဒေါ်ဝင်းနုနုသန့်တို့က ကျောင်းအမှိုက်ကင်းစင်ရေး ဆောင်ပုဒ်အရ အမှိုက်ပုံး ၂၀ ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မြဝေထံ ပေးအပ်လှူဒါန်းပြီး ကိုယ်ခန္ဓာချို့တဲ့သူ ဒုတိယတန်းမှ မောင်ကျော်ထူးအား ထောက်ပံ့ငွေကျပ် ၁၀၀၀၀ ကို ပေးအပ်သည်။



**ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးခရိုင် ပင်းတယမြို့နယ် ပွေးလှစ်ပြကျေးရွာရှိ ပညာပျိုးခင်းစာကြည့်တိုက်အတွက် ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြမြလွင်က စာအုပ်မျိုးစုံကို ကျေးရွာဥက္ကဋ္ဌ ဦးလှစိန်ထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

ယင်းအခမ်းအနား ကျင်းပနေစဉ် ပွေးလှစ်ပြကျေးရွာရှိ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု ပေးနိုင်ရန် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် ပြည်နယ် ဆရာဝန်အသင်းတို့က ကြီးမှူး၍ ဒေါက်တာမြင့်သိန်းအောင် ဦးဆောင်သော အထူးကုဆရာဝန်ကြီး များသည် တိုက်နယ်ဆေးရုံအတွင်း၌ ကျေးရွာမှ လူနာပေါင်း ၃၈၂ဦးအား ကျန်းမာရေး စစ်ဆေးပြီး ဆေးဝါးကုသပေးခဲ့သည်။

မိသားစုအသွင် ကျေးရွာစကားဝိုင်း ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပွေးလှစ်ပြကျေးရွာမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ ဒေသခံတိုင်းရင်းသူများအင်အား ၃၅၀ ကျော် တက်ရောက် ဆွေးနွေးကြသည်။ ယင်းစကားဝိုင်း ဆွေးနွေးပွဲတွင် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်သင်းသင်းလေးက မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဖွဲ့စည်းပုံနှင့် တာဝန်ဝတ္တရားများကိုလည်းကောင်း၊ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြမြလွင်က အမျိုးသမီးရေးရာအဖွဲ့အကြောင်း သိကောင်းစရာများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် သက်ကြီးရွယ်အို ၂၉ဦးအား ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ထောက်ပံ့ငွေ ကျပ် ၆၉၀၀၀ နှင့် ပအိုဝ်းတိုင်းရင်းသားအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၂၉၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ပွေးလှစ်ပြကျေးရွာတွင် ပြည်သူများအတွက် ကျန်းမာရေး စောင့်ရှောက်မှုနှင့် ဆေးဝါးကုသပေးနိုင်ရေးအတွက် တိုက်နယ်ဆေးရုံ တစ်ရုံရှိပြီး ကျေးရွာအုပ်စုအတွင်း ကျေးရွာများတွင် ကျန်းမာရေးဌာနခွဲ လေးခုဖွင့်လှစ်ထားရှိ၍ တိုက်နယ်ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများက ကျေးရွာပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိသည်။

ပွေးလှစ်ပြကျေးရွာတွင် ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှုရှိသကဲ့သို့ ပညာရေးကဏ္ဍတွင်လည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး ၂၀၀၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ကျောင်းသား၊ ကျောင်းသူ ၄၂ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ ၂၁ဦးအောင်မြင်ခဲ့ကြောင်း သိရှိရသည်။

ပွေးလှစ်ပြကျေးရွာသည် လူဦးရေ ၁၇၀၈ဦးရှိပြီး လက်ရှိစိုက်ပျိုးဧက ၆၃၉၅ဧက၊ လယ်ယာ စိုက်ပျိုးဧက ၂၈၃၆ ဧကရှိသဖြင့် ဝမ်းစာဆန်စပါး ဖူလုံမှုရှိသည့်အပြင် ဂျုံ၊ ပန်းနှမ်း စသည့် ဒေသဖြစ်ထွန်း သီးနှံများသည်လည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ ထို့အတူ ပင်းတယမြို့နယ်သည် လူဦးရေ ၇၁၁၅၁ဦးရှိ၍ စပါးစိုက်ဧက ၂၃၉၉၆ဧကရှိသဖြင့် ဒေသဝမ်းစာဖူလုံမှု ရာခိုင်နှုန်း ၁၁၆ ဒသမ ၂၀ရာခိုင်နှုန်းရှိပြီး မြို့နယ်အတွင်း ဆီထွက်သီးနှံစိုက် ဧက ၁၅၄၀၄ဧက စိုက်ပျိုးသဖြင့် စားသုံးဆီ ဖူလုံမှု ရာခိုင်နှုန်း ၂၁၅ဒသမ၁၆ရာခိုင်နှုန်း ရှိကြောင်း သိရှိရသည်။

ထို့အပြင် ကျေးလက်နေ ပြည်သူတို့၏ စီးပွားဖြစ်ထွန်းစေမည့် လိမ္မော်၊ ကော်ဖီ၊ သရက်၊ တညင်း၊ လက်ဖက် စသည့် နှစ်ရှည်သီးပင်များနှင့် ပန်းကော်ဖီ၊ ဂေါ်ရခါး စသည့် ဟင်းသီးဟင်းရွက်များလည်း ဖူလုံပိုလျှံစွာ စိုက်ပျိုး ထုတ်လုပ်နိုင်သဖြင့် အနယ်နယ် အရပ်ရပ်သို့ပင် တင်ပို့ရောင်းချလျက်ရှိကြောင်း တွေ့ရှိရသည်။

ပင်းတယမြို့သို့ ပွေးလှကျေးရွာကိုဖြတ်ကျော်၍ သွားလာရပြီး ပင်းတယ သဘာဝလိုဏ်ဂူဘုရား၊ ကုံလုံ ဆရာတော်ကျောင်း၊ ပုတ်တလုတ်ရေကန်၊ သဘာဝ ညောင်ပင်ကြီးများ ရှိခြင်း၊ ပွေးလှကျေးရွာအပါအဝင် လမ်းမတစ်လျှောက် ကျေးရွာများသည် တစ်နှစ်ပတ်လုံးရာသီအလိုက် သီးနှံများစိုက်ပျိုးထားရှိခြင်း စသည့်တို့ကြောင့် နိုင်ငံခြားခရီးသွားဧည့်သည်များ စိတ်ပါဝင်စားကြပြီး အပန်းဖြေအနားယူလျက်ရှိကြရာ ပင်းတယမြို့ရှိ ဟိုတယ်၊ မိုတယ်များတွင် ပြည်တွင်းပြည်ပ ဧည့်သည်များဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် ဓနု၊ ပအိုဝ်းတိုင်းရင်းသားများ အများဆုံးနေထိုင်ကြပြီး ဘာသာရေးကိုင်းရှိုင်းကြကာ ဘုရား၊ ကျောင်းကန်၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ အလွန်များပြားသည့် ဒေသဖြစ်ပြီး ပွေးလှစ်ပြ ကျေးရွာသည် ယခုအခါ မြို့နှင့်မခြား ဘက်စုံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း တွေ့မြင်နေရပြီ ဖြစ်ပေသည်။

(သတင်းစဉ်)

# မြတ်မော်တင်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ရန်ကုန် မတ် ၅

**ဧရာဝတီတိုင်း ငပုတောမြို့နယ် သမိုင်းဝင်ဆံတော်ရှင် မဟာမကုဋရုံသီ မြတ်မော်တင်စေတီတော် ဗုဒ္ဓပူဇနီယ ပွဲတော်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၇ရက် နံနက်၉နာရီတွင် မြတ်မော်တင် စွန်းတောင်ခြေ မင်္ဂလာမုခ်ဦး၌ ကျင်းပရာ ဧရာဝတီ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးကျော်လင်းထွန်းနှင့်ဇနီး၊ ဦးစီးအရာရှိကြီးများ၊ တိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ပုသိမ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှသွင်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာများ၊ အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးပြည်သူများ တက်ရောက်ကြသည်။**

အခမ်းအနားတွင် တိုင်းမှူးက ဗုဒ္ဓပူဇနီယပွဲ တော်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် မော်တင်စွန်း ဘုရားတောင်ခြေမှ တစ်ဆင့် မော်တင်–ပုသိမ်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် လမ်း–တံတား အခြေအနေများကို စစ်ဆေးထွက်ခွာ၍ ကမ်းခြေဒေသ များဖြစ်သော ရေနောက်အိုင်၊ ဓိးချိုင်၊ ကံချိုင်၊ ခမောက်မော်၊ ကျောက်ချောင်း ကျေးရွာများအား ကျေးရွာချင်းဆက်လမ်းအတိုင်းလှည့်လည်ကာ ဒေသအတွင်း စီးပွားရေးဖွံ့ဖြိုးမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက်တိုင်းမှူး၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ငဝန်မြစ်ကမ်းရိုးငပုတောမြို့သို့ ဝင်ရောက်ကာ သမိုင်းဝင် ရွှေမြင်းတင်စေတီတော်မြတ်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်ပူဇော်သည်။ (သတင်းစဉ်)

## ဗုဒ္ဓပူဇနီယပွဲနှင့် ဝိဇာတမင်္ဂလာ ကျင်းပမည်

**ရန်ကုန် မတ် ၅**

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် (၂–ခ)ရပ်ကွက် ပန်းခြံကုန်းကျောင်းတိုက် အတွင်း တည်ထားသော တဝဂူစေတီတော် ဗုဒ္ဓပူဇနီယပွဲနှင့် ပန်းခြံကုန်း ကျောင်းတိုက် ပဓာနနာယက ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဇာဂရ၏ ဝိဇာတမင်္ဂလာ ဓမ္မသဘင်ကို မတ် ၇ရက်တွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ပန်းခြံကုန်းကျောင်းတိုက် တဝဂူ ဗုဒ္ဓပူဇနီယပွဲတော်အတွင်း တရားပွဲများကို မတ် ၇ရက်မှ ၁၂ရက်အထိ ကျင်းပမည်ဖြစ်ရာ အရှင်နန္ဒိယ (မကွေး)၊ အရှင်ခေမာသိရီလင်္ကာရ (ရွှေပြည်ဟိန်း)၊ ဓမ္မဒူတ အရှင်ဆေကိန္ဒ (မော်ဘီ)၊ အရှင်နန္ဒောဘာသာဘိဝံသ (ဆယ်ဘွဲ့ရ၊ ကျိုက်ထို)၊ အရှင်ဩဿဇ (ဝါးခယ်မ)၊ အရှင်ဇာဂရ (နတ်မောက်) တို့က နိဗ္ဗာန်ရောက်ကြောင်း တရားများ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

## ဖျာပုံမြို့နယ်အသင်း(ရန်ကုန်) ဂုဏပူဇာပွဲကျင်းပမည်

**ရန်ကုန် မတ် ၅**

နိုင်ငံတော်မှ အမိန့်ကြော်ငြာစာ (၁/၂၀၀၆)ဖြင့် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် အပူဇော်ခံရရှိတော်မူကြသော ဖျာပုံမြို့နယ် ကြက်ဖမွေးဇောင်း ကျေးရွာ ဗလသုခကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဥတ္တမ၊ ဖျာပုံမြို့နယ် သမိန်ထော ကုန်းတန်းကျေးရွာ သီရိမင်္ဂလာတိုက်သစ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုန္ဒရနှင့် ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ပူဇော်ခြင်းခံရသော ဖျာပုံမြို့ မဟာပုညာရာမ ထန်းပင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဥတ္တရ အရှင်မြတ်သုံးပါးတို့အား ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)မှ ဦးစီး၍ တပည့်ဒါယကာ၊ ဒါယိကာများက ဂုဏပူဇာသဘင်ကို မတ်၁၉ရက် (တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ အမှတ်(၃၀) ဘိုကလေးဈေးလမ်း ဗိုလ်တထောင်မြို့နယ်၌ကျင်းပမည်ဖြစ်ရာ ကြွရောက်ပူဇော်ကြရန်နှင့် လှူဒါန်းလိုသူများသည် အသင်းတိုက် ဖုန်း–၂၉၁၀၈၃ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)



ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင် မြတ်မော်တင်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

# ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့် မန္တလေးမြို့တွင် ကျန်းမာရေးဆိုင်ရာတက္ကသိုလ်များစစ်ဆေး

ရန်ကုန် မတ် ၅

**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်သည် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ဝင်းမောင်၊ ဆေးသိပ္ပံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက် တာမောင်မောင်ဝင်း၊ ဆေးသုတေသန ဦးစီးဌာန(အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်တို့လိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင်မန္တလေး မြို့ရှိ ဆေးဝါးတက္ကသိုလ်သို့ရောက်ရှိပြီး ဆေးဝါးတက္ကသိုလ်တွင် မြေယာပြုပြင်ခြင်းနှင့်ဝန်ထမ်းအိမ်ရာ အခြေအနေ များကို ကြည့်ရှုပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။**

### ကြည့်ရှု

ဝန်ကြီးသည် ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (မန္တလေး)သို့ ဆက်လက်သွားရောက်ပြီး ဆရာ၊ ဆရာမ အဆောင် ဆောက်လုပ်မည့် မြေနေရာကိုကြည့်ရှု၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဆရာ၊ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

### မှာကြား

ထိုမှတဆင့်ဝန်ကြီးသည် တိုင်းရင်းဆေးတက္ကသိုလ်သို့ရောက်ရှိပြီးတိုင်းရင်းဆေးတက္ကသိုလ်နှင့် သရုပ်ပြပရဆေးဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

### နှုတ်ဆက်အားပေး

ထို့နောက်ဝန်ကြီးသည်ဆေးတက္ကသိုလ် (မန္တလေး)သို့ ရောက်ရှိလာပြီး ပါမောက္ခချုပ်က ဆေးတက္ကသိုလ်၏ သင်ကြားရေး၊ အုပ်ချုပ်ရေးကိစ္စ ဆောင်ရွက်ချက်များကိုတင်ပြရာဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး ဆရာ၊ ဆရာမများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် ဝန်ကြီးသည် ဗဟိုအမျိုးသမီးဆေးရုံဝင်းအတွင်းရှိသားဖွားသင်တန်းကျောင်းသို့ ရောက်ရှိလာရာ သူနာပြုတက္ကသိုလ် ပါမောက္ခချုပ်နှင့် ကျောင်းတာဝန်ခံ ဆရာမကြီးတို့က ကျောင်းပြောင်းရွှေ့ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက သင်ထောက်ကူပစ္စည်းများ တိုးတက်ဖြည့်ဆည်းပေးရန် မှာကြားသည်။ (သတင်းစဉ်)

# ကိုယ်ပွားသတင်းစာတိုက်(မန္တလေး) (၅)နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ်ကျင်းပ

**ရန်ကုန် မတ် ၅**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းကိုယ်ပွားသတင်းစာ တိုက် (မန္တလေး)၏ (၅)နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ဆရာတော်၊ သံဃာတော် များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကို မတ် ၁ရက်တွင် ယင်းကိုယ်ပွား သတင်းစာတိုက်၌ ကျင်းပရာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် အဝေရာရာမ ရန်ကင်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တဩဝါဒ သိရီဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး မန္တလေးမြို့ရှိ ပြန်ကြားရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ ဧည့်ပရိသတ်တို့က နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ထံမှ ငါးပါးသီလ ခံယူ ဆောက်တည်ကြပြီးဆရာတော်၊ သံဃာ တော်များက ပရိတ်တရားတော်များကို ရွတ်ပွား သရဇ္ဈာယ်တော်မူကြသည်။

ဆက်လက်၍ တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေးဝေကြ ကာ ဆရာတော်၊ သံဃာတော်များ အားနေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နှစ်ပတ်လည် အထိမ်း အမှတ်အဖြစ် ၂၀၀၅ ခုနှစ်အတွင်း ခွင့်ခံစားခြင်းမရှိသောဝန်ထမ်းခြောက်ဦး နှင့် ကွန်ပျူတာ၊ စီမံ၊ ဖိုတိုလစ်သိုနှင့် ပုံနှိပ်စက်ဌာနစိတ်ရှိ ဝန်ထမ်းများအား ဂုဏ်ပြုဆုနှင့် အမှတ်တရ လက်ဆောင် ပစ္စည်းများကို ပေးအပ်ချီးမြှင့်ကြ သည်။ (သတင်းစဉ်)



ပြိုးအလှပိုင်ရှင် ရွေးချယ်ပွဲ၊ကုန်ပစ္စည်းမိတ်ဆက်နှင့် အထူးဈေးရောင်းပွဲကို ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပစဉ်။ (သတင်းစဉ်)

## ပြိုးအလှပိုင်ရှင် ရွေးချယ်ပွဲကျင်းပ

**ရန်ကုန် မတ် ၅**

Ta-Fa Trading Co., Ltd. (Follow Me) က ပြိုးအလှပိုင်ရှင် ရွေးချယ်ပွဲ၊ကုန်ပစ္စည်းမိတ်ဆက်နှင့် အထူးဈေးရောင်းပွဲကို ယနေ့နံနက် ၁၀နာရီ တွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်များအသင်းမှ ဆရာဝန်ကြီးများ၊ စာနယ်ဇင်း များမှ ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မျက်နှာအလှနှင့် ပတ်သက်သော လိုအပ်ချက်များ အကြောင်းကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး Follow Me Age Defence Treatment Essence ကုန်ပစ္စည်းကိုလည်းကောင်း၊ သွားများကြံ့ခိုင် ကျန်းမာရေးနှင့်ပတ်သက်၍ Follow Me Herbal Fresh Toothpaste သွားတိုက်ဆေးနှင့် Whitening Toothbrush Massager သွားတိုက်တံများကို လည်းကောင်း တက်ရောက်လာသူများအား မိတ်ဆက်ပေးသည်။

ဆက်လက်၍ Ta-Fa Trading Co., Ltd.မှ ဖြန့်ဖြူးရောင်းချလျက်ရှိသော Follow Me အလှကုန် ပစ္စည်းများကို တက်ရောက်လာသော ဧည့်သည်များအား အထူးအစီအစဉ်တစ်ရပ် အနေဖြင့် ရောင်းချပေး သည်။

ထို့နောက် ပြိုးအလှပိုင်ရှင် ရွေးချယ်ပွဲကို သွားဘက်ဆိုင်ရာ ဆရာဝန်ကြီးများ၊ စာနယ်ဇင်းမှ ပုဂ္ဂိုလ်များ၏ ကြီးကြပ်မှုဖြင့် တက်ရောက်လာသော ဧည့်သည်များ ထဲမှ ရွေးချယ်၍ ပထမ၊ ဒုတိယ၊တတိယနှင့် နှစ်သိမ့်ဆု များချီးမြှင့်သည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

### ၆–၃–၂၀၀၆ (တနင်္လာနေ့)

**နံနက်ပိုင်း**

| | |
|---|---|
| **၇:၀၀** | ၁။ မြဝတီအဖွင့် |
| **၇:၀၅** | ၂။ အဖွင့်သီချင်း |
| **၇:၁၀** | ၃။ မျိုးချစ်တပ်မတော် |
| **၇:၂၀** | ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| **၇:၃၀** | ၅။ မြန်မာ့သံစဉ်ချိုနှားဝင် |
| **၇:၄၀** | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| **၇:၅၅** | ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| **၈:၀၀** | ၈။ မြဝတီရုပ်မြင်သံကြားသတင်း |
| **၈:၁၀** | ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| **၈:၁၅** | ၁၀။ အပိတ်နှုတ်ဆက်စကား |
| **၈:၁၆** | ၁၁။ ပြီးပါပြီ။ |

**ညပိုင်း**

| | |
|---|---|
| **၄:၀၀** | ၁။ မြဝတီအဖွင့် |
| **၄:၀၅** | ၂။ အဖွင့်သီချင်း |
| **၄:၁၀** | ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| **၄:၁၅** | ၄။ လက်စွမ်းပြဟန်ဂီတသံ |
| **၄:၂၀** | ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| **၄:၃၅** | ၆။ မျိုးချစ်တပ်မတော် |
| **၄:၅၀** | ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော် |
| **၅:၄၅** | ၈။ သာယာသီကြွေးခေတ်ဆန်းတေး |
| **၆:၀၀** | ၉။ မြဝတီရုပ်မြင်သံကြားသတင်း |
| **၆:၁၀** | ၁၀။ နိုင်ငံတကာသတင်း |
| **၆:၂၀** | ၁၁။ မိုးလေဝသသတင်း |
| **၆:၂၅** | ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| **၆:၄၀** | ၁၃။ လျှပ်တစ်ပြက်ရိုက်ချက် |
| **၇:၀၀** | ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း နန်းတွင်းရတနာ (အပိုင်း–၁၇)** |
| **၈:၀၀** | ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၇။ မေးမြန်းစူးစမ်း |
| | ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ကောင်းကင်သိုင်းကွက် (အပိုင်း–၁၁)** |
| | ၂၀။ သင့်အတွက်မနက်ဖြန် |
| | ၂၁။ အပိတ်နှုတ်ဆက်စကား |
| | ၂၂။ ပြီးပါပြီ။ |

## ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၁၀)ဖြန့်ချိ

**ရန်ကုန် မတ် ၅**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၁၀)တွင်ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ ဂျပန်နိုင်ငံ APU တက္ကသိုလ်တွင် စပွန်ဆာမလိုဘဲ ကျောင်းတက်နိုင်ပြီ၊ ပြည်တွင်းပုဂ္ဂလိက လေကြောင်းလိုင်းများ မတ်လမှစ၍ ပျဉ်းမနား ဧလာလေယာဉ်ကွင်းသို့ ဆင်းသက်ရန် စီစဉ်လျက်ရှိ၊ မြန်မာ့ပန်းများ စင်ကာပူသို့ တင်ပို့မည် စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေ ဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

တံတွေးထွေးစရိုက် အပြီးတိုက်ရန် ပေကျင်းမြို့တော်အားထုတ်၊ အီရန်နှင့် ရုရှား အဏုမြူသန့်စင်ရေးစီမံကိန်း ညှိနှိုင်းဆွေးနွေးမှုစတင်၊ ဆံပင်ပုံစံ အမျိုးမျိုး တပ်ဆင်ထားသော ကားများ ဟောင်ကောင်တွင်ပြပွဲကျင်းပ၊ ကင်ဆာရောဂါကင်းဝေးစေချင်သလား၊ဂေါ်ဖီထုပ် များများစား စသည့် နိုင်ငံတကာ သတင်းများ၊ သုံးသပ်ချက်ဆောင်းပါး များ၊ အားကစား၊ ကျန်းမာရေး၊ ဖျော်ဖြေ ရေး ကဏ္ဍစုံလင်စွာဖြင့် e-Empire Media House ဖုန်း–၅၀၀၇၂၁ က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက် ပြီဖြစ်သည်။ (က–ပ)

# ရွှေတိဂုံစေတီတော် တပေါင်းလ ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲနှင့် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၅

**ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော် (၂၅၉၄)နှစ်မြောက် တပေါင်းလ ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲနှင့် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီခွဲတွင် ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့်ရှိချမ်းသာကြီး တန်ဆောင်း၌ ကျင်းပသည်။**

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် သြဝါဒါစရိယ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ သြဝါဒါစရိယ ညောင်တုန်းကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘန အမှူးပြုသော ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့သြဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရွှေတိဂုံစေတီ တော်ဂေါပကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ဘာသာရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရွှေတိဂုံ စေတီတော် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ကုသိုလ်တော် အတူပြုရန် နတ်ဗြဟ္မာများကို ဂါထာပါး၍ ပင့်ဖိတ်သည်။

**ဖတ်ကြားလျှောက်ထား**

ထို့နောက် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင် ဦးစိုးမြင့်က ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေးနှင့်စပ်လျဉ်းသည့် ဗုဒ္ဓပူဇာ မင်္ဂလာစာတမ်းကို ဖတ်ကြားလျှောက်ထားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက ညောင်တုန်း ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ သောဘနထံမှ နဝင်္ဂသီလခံယူဆောက် တည်ကြသည်။

ထို့နောက် မြတ်ဗုဒ္ဓ၏ သဗ္ဗညုတ ဉာဏ်ရောင် မြတ်တန်ဆောင်ကို လေးမြတ်ကော်ရော် ပူဇော်သောအား ဖြင့် ညောင်တုန်းကျောင်းတိုက် ဆရာ တော်နှင့် ဂေါပကအဖွဲ့ဝင်များ၊ တာဝန် ရှိသူများက ဆီမီးတန်ဆောင် ထွန်းညှိ ပူဇော်ကြပြီး ဗုဒ္ဓပူဇနိယပွဲတော်ကို ဖွင့်လှစ်လိုက်သည်။

ယင်းနောက်မဟာပဋ္ဌာန်းပစ္စယယုဒ္ဒေသ နှင့် ပစ္စယနိဒ္ဒေသ ဒေသနာတော်များ ကို ဆရာတော်ကြီးများ၊ ဗဟို မဏ္ဍပ်အတွင်းရှိ ပရိသတ်များ၊ ရွှေတိဂုံ စေတီတော်ရင်ပြင် အာရုံခံမုခ်ဦးလေးခု တို့၌ နေရာယူထားကြသော ပရိသတ် အမျိုးလေးပါးတို့က ရွတ်ဖတ်ပူဇော် ကြသည်။

ထို့နောက် ဗဟိုမဏ္ဍပ်အတွင်း ရတနာဃရ စံအိမ်တော်အတွင်းရှိ သံဃာတော်အရှင်သူမြတ်က အသံမစဲ မဟာပဋ္ဌာန်းဒေသနာတော်ကိုဆက်လက် ရွတ်ဖတ်ပူဇော်တော်မူသည်။

ရွှေတိဂုံစေတီတော် (၂၅၉၄)နှစ် မြောက် ဗုဒ္ဓပူဇနိယပွဲတော် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲတွင် မတ် ၁၃ရက်အထိသံဃာတော်အပါး ၁၂၀တို့ က အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ် ပူဇော်တော်မူကြမည်ဖြစ်ပြီး ဆွမ်း ဆန်တော်လောင်းလှူပွဲကို မတ် ၁၂ရက် တွင် လည်းကောင်း၊ ရေစက်ချအနု မောဒနာ အခမ်းအနားကို မတ် ၁၃ရက် တွင်လည်းကောင်း ကျင်းပသွားမည် ဖြစ်သည်။ (သတင်းစဉ်)



**ရွှေတိဂုံစေတီတော် (၂၅၉၄)နှစ်မြောက် တပေါင်းလ ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲ နှင့် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပစဉ်။** (သတင်းစဉ်)

# အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဦးဌေးဦး လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံမှာကြား

ရန်ကုန် မတ် ၅

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနဝန်ကြီး ဦးဌေးဦးသည် ဖေဖော်ဝါရီ ၂၇ ရက်တွင် မွန်ပြည်နယ် သထုံခရိုင်ဘီးလင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ရပ်မိရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် တွေ့ဆုံရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးဦးမြင့်ဦးက လုပ်ငန်းဆောင်ရွက်မှုများကိုတင်ပြသည်။**

**တိုးမြှင့်ဆောင်ရွက်**

ထို့နောက် အထွေထွေအတွင်းရေးမှူး ဝန်ကြီးဦးဌေးဦးက နိုင်ငံတော် တည်ငြိမ် အေးချမ်းရေး၊ နိုင်ငံတော်နှင့် နိုင်ငံသား များ၏ စီးပွားရေး ခိုင်မာတောင့်တင်း ရေး၊ အမျိုးသားပညာရည်မြင့်မားရေး တို့ကို ဒေသနယ်မြေအလိုက် တိုးမြှင့် ဆောင်ရွက်သွားကြရန် မှာကြားပြီး ဒေသဖွံ့ဖြိုးရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ရေရရှိရေးကိစ္စများကို ဆွေးနွေးကာ ပံ့ပိုးကူညီထောက်ပံ့မှုများ ကို ဆောင်ရွက်ပေးသည်။

ဆက်လက်၍ အထွေထွေအတွင်း ရေးမှူး ဝန်ကြီးသည် ကျိုက်ထို မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံးသို့ ရောက်ရှိပြီး ရပ်မိရပ်ဖများ၊ မြို့နယ်အသင်းအလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် တွေ့ဆုံ၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း၏ ရည်ရွယ်ချက်များ၊ အခြေခံ မူများ၊ ကျင့်ဝတ်၊ ဝတ္တရားများနှင့်အညီ အမျိုးသားရေး တာဝန်များကို ထမ်းဆောင်ကြရန်လိုကြောင်း၊ အသင်း ဝင်များသည် ပြည်သူလူထုနှင့်အတူ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ် များတွင် တက်တက်ကြွကြွပူးပေါင်း ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ကို အရင်း တည်ပြီး တိုင်းရင်းသား စည်းလုံး ညီညွတ်မှုစွမ်းအားဖြင့် ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်တည်ဆောက် ရေးတွင် အသင်းဝင်တိုင်းက ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း ဖြင့် မှာကြားသည်။

**ညှိနှိုင်းပံ့ပိုး**

ထို့နောက်အသင်းဝင်များက ရေရရှိ ရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများကို ဆွေးနွေးတင်ပြကြရာ အထွေထွေ အတွင်းရေးမှူး ဝန်ကြီးက ညှိနှိုင်းပံ့ပိုး ဆောင်ရွက်ပေးသည်။ (သတင်းစဉ်)





**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း သံလွင်တံတား(မော်လမြိုင်) ချဉ်းကပ်ရထားလမ်း ဖောက်လုပ်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။** (ရထားပို့ဆောင်ရေး)

# သံလွင်တံတား (မော်လမြိုင်) ချဉ်းကပ်ရထားလမ်း ဖောက်လုပ်မှု ဒုတိယဝန်ကြီးဦးဖေသန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၅

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းသည် ဖေဖော်ဝါရီ ၂၈ရက်တွင် စစ်တောင်းတံတား၌ မြန်မာ့မီးရထားတိုင်းအမှတ်(၆)မှ တိုင်းအရာရှိများ အားတွေ့ဆုံပြီးပဲခူး–စစ်တောင်း ရထားလမ်းအဆင့်မြှင့်တင်ခြင်း၊ ပြုပြင်ခြင်းလုပ်ငန်း နှင့် စစ်တောင်း–ဆတ်သွားကုန်း–ဒိုက်ဦးရထားလမ်းသစ် ဖောက်လုပ်ခြင်း လုပ်ငန်းဆိုင်ရာများ၏ လိုအပ်ချက်များကို မှာကြားဖြည့်ဆည်းပေးသည်။**

ထို့နောက် ဒုတိယဝန်ကြီးသည် သထုံမြို့ ကုန်းလမ်းပို့ဆောင်ရေး ကုန်စည် ဌာနခွဲ၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိဦးစီးဌာန၊ လုပ်ငန်းများမှ အရာထမ်းများအားတွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများကို မှာကြားသည့်အပြင် စစ်တောင်း– မုတ္တမအကြား ရထားလမ်း အဆင့်မြှင့်တင် ပြုပြင်ခြင်းလုပ်ငန်းများ နှင့်ပတ်သက်၍ စီမံကိန်းအင်ဂျင်နီယာ(စစ်တောင်း– မုတ္တမရထားလမ်း အဆင့်မြှင့်တင် ပြုပြင်ရေး စီမံကိန်းအထူးအဖွဲ့)၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် သံလွင်တံတား (မော်လမြိုင်) ချဉ်းကပ် ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၏ မုတ္တမဘက်၌ ရန်ကုန်–မော်လမြိုင် မော်တော်ကားလမ်းမကြီးမှတစ်ဆင့် မုတ္တမရပ်စခန်းဘူတာသစ်သို့ မြန်မာ့ မီးရထားမှ အဝင်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း တည်ဆောက်ပြီး မုတ္တမရပ်စခန်း ဘူတာသစ်နှင့် ဆောက်လုပ်ဆဲဖြစ်သည့် ခရီးသည်များ စောင့်ဆိုင်းရန် Platform Shed တည်ဆောက်ခြင်းလုပ်ငန်း၊ မုတ္တမရပ်စခန်းဘူတာသစ်မှ သထုံ ဘက်သို့ အထွက်ရထား သံလမ်းခင်းခြင်းလုပ်ငန်းနှင့် မုတ္တမရပ်စခန်းဘူတာ မှ မော်လမြိုင်ဘက်သို့ မြေသားတာဘောင်ပြုလုပ်ခြင်း လုပ်ငန်းများကို ကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သံလွင်တံတား(မော်လမြိုင်)၏ မော်လမြိုင် အောက်ရှိ ချဉ်းကပ်ရထားလမ်းပိုင်း၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်ပြီးစီးသော ချဉ်းကပ်တံတားပေါ်၌ သံလမ်းခင်းပြီးသည့် အပိုင်းကို သံလမ်းပြေးယာဉ်ငယ် (MRGC) ဖြင့် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းရပ် "လှိုင်"ကားလမ်းကူးခုံးကျော်တံတားနှင့် အဆိုပါခုံးကျော်တံတားမှ တစ်ဆင့်သံလွင် တံတား(မော်လမြိုင်)သို့ ချဉ်းကပ်ရထားလမ်း မြေသားတာပေါင်ပေါ်တို့၌ သံလမ်းခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး သံလမ်းခင်းခြင်းနှင့် မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းဆိုင်ရာများကို မှာကြားဖြည့်ဆည်းပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မော်လမြိုင်ဘူတာအသစ် တည်ဆောက်ခြင်း လုပ်ငန်းခွင်သို့ရောက်ရှိ၍ မြေညီထပ်၌ ကြွေပြားခင်းခြင်း လုပ်ငန်း၊ ပထမထပ်သို့တက်သော ပင်မလှေကားကြီးနှစ်စင်းနှင့် ပထမထပ် စင်္ကြံတို့၌ Steel Pipe လက်ရန်းတပ်ဆင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး မော်လမြိုင်ဘူတာအသစ်၏ စင်္ကြံအမှတ်(၁)၌ ရထားစီးခရီးသည်များ၊ ပို့ဆောင် သူများနှင့်ကြိုဆိုသူများစောင့်ဆိုင်းနိုင်ရန် Platform Shed တည်ဆောက်ပေး သည့်နည်းတူ စင်္ကြံအမှတ်(၂)နှင့် (၃)တို့၌လည်း အလျား ပေ ၃၀၀ ရှည်သော Plateform Shed တစ်ခုစီ တည်ဆောက်ပေးရန် မှာကြားသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းအင်ဂျင်နီယာနှင့် တိုင်း အမှတ်(၈)မှ တိုင်းအရာရှိများ၏ တင်ပြချက်များနှင့်စပ်လျဉ်းပြီး ဒုတိယဝန်ကြီးက မော်လမြိုင်ဘူတာသစ်သို့ ရေပေးဝေမှုစနစ်ဆောင်ရွက်ရန်နှင့် ရထားလိုက်အရာထမ်း များ တည်းခိုနိုင်ရေးအတွက် Running Room အဆောင်တည်ဆောက်ရန်တို့ ကိုမှာကြားသည်။

ဒုတိယဝန်ကြီးသည် မတ်၁ရက်တွင် သထုံဘူတာ၌ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအောက်ရှိသထုံခရိုင်မှဦးစီးဌာန၊ လုပ်ငန်းများ၏ အရာထမ်းများအား တွေ့ဆုံ၍လုပ်ငန်းဆိုင်ရာများ မှာကြားပြီး စီမံကိန်းအင်ဂျင်နီယာက စစ်တောင်းနှင့် မုတ္တမအကြား ရထားလမ်းအဆင့်မြှင့်တင် ပြုပြင်ခြင်းလုပ်ငန်းများ ရှင်းလင်းတင်ပြ ချက်များနှင့် စပ်လျဉ်း၍ ဇလီဖား၊ ကွန်ကရစ်ဇလီဖားနှင့် တံတားသုံးအထူးဇလီဖား များ အပါအဝင် လမ်းခင်းကျောက်နှင့် လမ်းလွှဲလမ်းကူးကိရိယာများ အချိန်မီရရှိရေး၊ လုပ်ငန်းများ သတ်မှတ်ချိန်အမီ ပြီးစီးရေးတို့ကို မှာကြားခဲ့သည်။

(သတင်းစဉ်)

# မူပိုင်ခွင့်ဆိုင်ရာ ဆွေးနွေးပွဲမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် မတ် ၅**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်သည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ မတ် ၁ ရက်မှ မတ် ၃ ရက်အထိ ကျင်းပ ခဲ့သည့် "အာဆီယံ + ၃ မူပိုင်ခွင့်ဆိုင်ရာဆွေးနွေးပွဲ"သို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

# ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၈) ချယ်လ်ဆီးက ဝက်စ်ဘရွန်းအသင်းကို အနိုင်ရ

**လန်ဒန် မတ် ၅**

အင်္ဂလန်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၈)ကို စနေနေ့ကကျင်းပသည်။ ချယ်လ်ဆီးအသင်းသည် ဒရော့ဘာနှင့် ဂျိုးကိုးလ်တို့၏ ဂိုးသွင်းမှုများနှင့်အတူ ဝက်စ်ဘရွန်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ဒုတိယပိုင်းစတင်ပြီးနောက် မကြာခင်မှာပင် ဝက်စ်ဘရွန်းအသင်း၏ ခံစစ်အားနည်းသွားချိန်တွင် ဒရော့ဘာက ဂိုးသွင်းယူသည်။ ယင်းနောက်တွင် ပွဲချိန် ၆၃ မိနစ်၌ ဒမ်မီယန်ဒပ်ဖ်၏ နေရာတွင်လူစား ဝင်လာသူ ဂျိုးကိုးလ်က အနီးကပ်ကန်သွင်းကာ ဂိုးသွင်းခဲ့သည်။

ပွဲပြီးဆုံးရန် သုံးမိနစ်အလိုတွင် ဝက်စ်ဘရွန်းအသင်းအတွက် ချေပဂိုး ပြန်လည်သွင်းယူနိုင်သည်။ လူစားဝင်လာခဲ့သူ ကာနူးက ဂိုးသွင်း ယူခဲ့ခြင်း ဖြစ်သည်။

တစ်ဖန် ပွဲချိန် ၆၂ မိနစ်တွင် ချယ်လ်ဆီးတောင်ပံ ကစားသမား အာဂျင်ရော်ဘင် အနီကတ်ပြ ထုတ်ပယ်ခံရခြင်းအတွက် ချယ်လ်ဆီးနည်းပြ ဟိုဆေးမော်ရင်ညိုက ဒိုင်လူကြီးမာ့စ်ဟဲလ်ဆေးကို သရော်ခဲ့ သည်။ ထိုနည်းတူပင် ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီက ရော်ဘင် အနီကတ်ပြခံရမှုအတွက် ဒိုင်လူကြီးဆုံးဖြတ်ချက်မှားယွင်းကြောင်း စကိုင်းရုပ်မြင် သံကြားဌာနသို့ ပြောကြားသည်။

အခြားပွဲရလဒ်များ

| | | |
|---|---|---|
| **အက်စ်တန်ဗီလာ (၁)** | – | **ပို့စ်မောက်(၀)** |
| **ဖူလ်ဟမ်(၀)** | – | **အာဆင်နယ်(၄)** |
| **လီဗာပူး(၀)** | – | **ချာလ်တန်(၀)** |
| **မစ်ဒယ်ဘရော့(၁)** | – | **ဘာမင်ဂမ်(၀)** |
| **နယူးကာဆယ်(၃)** | – | **ဘော်လတန်(၁)** |
| **ဝက်စ်ဟမ်း(၂)** | – | **အဲဗာတန်(၂)** |

*အမ်အင်အေ၊ရိုက်တာ။*



**ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် ချယ်လ်ဆီးအသင်းမှ ဒရော့ဘာနှင့် ဝက်စ်ဘရွန်းအသင်းမှ ကားတစ်ဒေးဗစ်တို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# ဒူဘိုင်း အိုးပင်းတင်းနစ်ပြိုင်ပွဲ စပိန်တင်းနစ်သမား နာဒယ်လ်ဗိုလ်စွဲ

**ဒူဘိုင်း မတ် ၅**

ဆော်ဒီအာရေဗျနိုင်ငံတွင် စနေနေ့က ကျင်းပသည့် ဒူဘိုင်း အိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရာဖေးလ် နာဒယ်လ်က ရော်ဂျာဖက်ဒရဲရားကို ၂-၆၊ ၆-၄- ၆-၄ ဖြင့် အနိုင်ရရှိကာ ဗိုလ်စွဲသွားသည်။

**အံ့အားသင့်ကြရ**

အသက် ၁၉ နှစ်အရွယ်ရှိ ပြင်သစ်အိုးပင်း ချန်ပီယံ နာဒယ်လ်သည် ဂရင်းဆလမ် တင်းနစ်ဆုဖလားများကို သုံးကြိမ်တိုင်တိုင် ရရှိခဲ့သော ဖက်ဒရဲရားကို အနိုင်ရရှိခြင်းအတွက် အားလုံးက အံ့အားသင့်ကြရသည်။ ဖက်ဒရဲရားသည် အင်္ဂတေခင်း တင်းနစ်ကွင်း (Hard Court)များတွင် ၅၆ ပွဲတိုင်တိုင် အောင်ပွဲခံလာသည့် စံချိန်မှာ ယခုပွဲတွင် အဆုံးသတ်သွားပြီဖြစ်သည်။

စပိန်တင်းနစ်သမားနာဒယ်လ်သည် ဆွစ်ဇာလန် တင်းနစ်သမား ဖက်ဒရဲရားနှင့် လေးကြိမ်ယှဉ်ပြိုင်ကစားခဲ့ရာတွင် တတိယအကြိမ် အောင်ပွဲခံခြင်းဖြစ်သည်။

အင်တာနက်။

## လက်ပြန်ရိုက်ချက်

**မတ် ၄ ရက်က ကျင်းပသော ဒူဘိုင်း အိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဆွစ်ဇာလန် တင်းနစ်သမား ရော်ဂျာဖက်ဒရဲရား၏ လက်ပြန်ရိုက်ချက် ကစားဟန်။**

(ဓာတ်ပုံ-အင်တာနက်)



## မာရသွန်ပန်းဝင်

**ဂျပန်နိုင်ငံ အောစုမြို့တွင် မတ် ၅ရက်က ကျင်းပသော နိုင်ငံတကာ မာရသွန်အပြေးပြိုင်ပွဲတွင် စပိန်မှ ဟိုဆေး ရီယော့စ်ပန်းဝင်လာစဉ်။**

(ဓာတ်ပုံ-အင်တာနက်)



# ဂျပန် နိုင်ငံတကာ မာရသွန်ပြိုင်ပွဲ စပိန်နိုင်ငံမှအပြေးသမား ဗိုလ်စွဲ

**အောစု (ဂျပန်) မတ် ၅**

ဂျပန်နိုင်ငံ အောစုမြို့တွင် တနင်္ဂနွေနေ့က ကျင်းပသော နိုင်ငံတကာ မာရသွန် အပြေးပြိုင်ပွဲ၌ စပိန်နိုင်ငံမှ ဟိုဆေးရီယော့စ်က ဂျပန်နိုင်ငံမှ တာကာယူကီမတ်စုမီယာအား ကျော်ဖြတ်ကာ ဗိုလ်စွဲသွားသည်။

အသက် ၃၁ နှစ်အရွယ်ရှိ စပိန်လူမျိုး မာရသွန်အပြေးသမား ဟိုဆေးရီယော့စ်သည် ဂျပန်နိုင်ငံ အောစုမြို့တွင် ၂၀၀၄ ခုနှစ်ကကျင်းပသော လိတ်ဘီဝါ အမျိုးသားမာရသွန် အပြေးပြိုင်ပွဲ၌လည်း ဗိုလ်စွဲခဲ့သူဖြစ်သည်။

ဟိုဆေးရီယော့စ်သည် ၂ နာရီ၊ ၉ မိနစ်နှင့် ၁၅ စက္ကန့်ဖြင့်ပန်းဝင်လာခဲ့သည်။ ၎င်းသည် ဂျပန် မာရသွန်အပြေးသမား တာကာယူကီ မတ်စုမီယာအား နောက်ဆုံး လေးကီလိုမီတာ ခရီးတာတွင် ကျော်ဖြတ်နိုင်ခဲ့သည်။

အင်တာနက်။

# ထူးခြားသည့် နေ့အပူချိန်

(၅-၃-၂၀၀၆)

**အောင်လံ ၃၉ ဒီဂရီ စင်တီဂရိတ်**

**(၁၀၂ဒီဂရီဖာရင်ဟိုက်)**

# မီးသုံးစွဲလျှင် အသိယှဉ် ဆင်ခြင်သတိ အမြဲရှိ

# ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

# မြန်မာလိဂ်အဆင့်မြင့်တန်းအမှတ်ပေးပွဲ ဆောက်လုပ်ရေးက ရထားကိုအနိုင်ရ မြို့တော်စည်ပင်နှင့် စွန်ရဲသရေကျ

**ရန်ကုန် မတ် ၅**

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့တွင် ဆက်လက်ကျင်းပရာ ဆောက်လုပ်ရေးအသင်းအနိုင်ရရှိသွားပြီး မြို့တော်စည်ပင်နှင့် စွန်ရဲတို့ တစ်ဂိုးစီသရေကျသွားသည်။

**(သုဝဏ္ဏကွင်း)**

**ဆောက်လုပ်ရေးအသင်း – သုံးဂိုး**
(မင်းမင်းထွန်း-နှစ်ဂိုး၊ ရထားမှ ကျော်စံ ကိုယ့်ဂိုးကိုယ်သွင်း-တစ်ဂိုး)
**ရထားပို့ဆောင်ရေးအသင်း – ဂိုးမရှိ**
**ဒိုင်လူကြီး – ဦးဝင်းထွဋ်**

တန်းဆင်းဇုန်မှ ရုန်းထွက်နိုင်ရေး အမှတ်လိုနေသော ရထားအသင်းမှာ အနိုင်ရရှိရေး ကြိုးစားကစားခဲ့သော်လည်း လူငယ်အများစုဖြင့် ဖွဲ့စည်းထားပြီး လျင်မြန်မှုကို အလေးပေးကစားခဲ့သည့် ဆောက်လုပ်ရေးအသင်းက အနိုင်ဂိုးများရရှိစေမည့် တိုက်စစ်ဆင်ချက်များကို ဖမဟန့်တားနိုင်ခဲ့၍ ရထားအသင်း ဂိုးပြတ်ရှုံးသွားရသည်။

နှစ်သင်းစလုံး၏ အားထည့်ကစားမှုကြောင့် ပွဲမှာအကြိတ်အနယ်ရှိခဲ့ပြီး ဆောက်လုပ်ရေးအသင်းက သုံးပွဲဆက်တိုက်အနိုင်ရရှိကာ ဆဋ္ဌမနေရာထိ တက်လာသည်။ ရထားအသင်းမှာ ယနေ့ပွဲရှုံးနိမ့်သွား၍ တန်းဆင်းဇုန်ထဲ ကျရောက်သွားပြီး အဆင့်မြင့်တန်းတွင် ဆက်လက်ရပ်တည်ရေး မသေချာသည့် အနေအထားတွင် ရှိနေသည်။

ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးရရှိရေး အားထည့်ကစားကြသော်လည်း ကွင်းလယ် ကစားကွက်သာသော ဆောက်လုပ်ရေးအသင်းက ပိုမိုဖိကစားနိုင်ခဲ့သည်။ နေရာစုံ ထောင့်စုံမှ ထိုးဖောက်သော ဆောက်လုပ်ရေး တိုက်စစ်ကို ရထားခံစစ်ကြောင်း ကြာရှည်တောင့်ခံနိုင်ခြင်းမရှိဘဲ ဂိုးများ ပေးလိုက်ရသည်။

ဆောက်လုပ်ရေးအသင်းအတွက် ဖွင့်ဆော်ဦးဂိုးကို ၁၂မိနစ်တွင် ထွန်းလင်းအောင် ညာကြောမှ ကန်တင်သော ဘောလုံး ဘားထိထွက်လာစဉ် တိုက်စစ်မှူး မင်းမင်းထွန်းက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဆက်တိုက်ဆိုသလိုပင် ဆောက်လုပ်ရေးအသင်းက ဖိကစားရာ ၂၆ မိနစ်တွင် စိုးသီဟအောင် ကန်တင်ပေးသော ပြစ်ဒဏ်ဘောကို ထွန်းလင်းအောင်က ပြန်ချပေးရာ မင်းမင်းထွန်းက အနီးကပ်ပိတ်သွင်းယူခဲ့သဖြင့် ပထမပိုင်းတွင် ဆောက်လုပ်ရေးက နှစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။

ဒုတိယပိုင်းတွင် ရထားက အရှုံးဂိုးချေပနိုင်ရန် ကစားအားမြှင့်တင်လာသလို ဆောက်လုပ်ရေးအသင်းကလည်း ဂိုးထပ်မံရရှိရေး တိုက်စစ်ကိုဖွင့်ကစားမြဲကစားလာရာ ပွဲမှာ အကြိတ်အနယ်ရှိခဲ့ပြီး ဂိုးသွင်းခွင့်များလည်း ရရှိခဲ့သည်။ ရထားအသင်းမှ ဇာနည်မောင်၊ ဝင်းခိုင်နှင့် ဇော်မျိုးသက်၊ ဆောက်လုပ်ရေးမှ စည်သူသန်းနှင့် မင်းမင်းထွန်းတို့ဂိုးရနိုင်သည့် သေချာပေါက်ဂိုးသွင်းခွင့်များရရှိခဲ့သော်လည်း အမိအရ အသုံးမချနိုင်ခဲ့ပေ။ ဆောက်လုပ်ရေးအသင်းအတွက် တတိယနှင့် ပွဲသိမ်းဂိုးကို ပွဲပြီးခါနီး တစ်မိနစ်အလိုတွင် မင်းမင်းထွန်း ဖြတ်ပို့သော ဘောလုံးကို ရထားနောက်ခံလူကျော်စံ ဖျက်ထုတ်ရာမှ ကိုယ့်ဂိုးကိုယ် ဝင်သွားခြင်းဖြစ်သည်။

ယင်းနေ့ပွဲအပြီးတွင် ဆောက်လုပ်ရေးအသင်းက ၁၄ပွဲကစား၊ခြောက်ပွဲနိုင်၊ သုံးပွဲသရေ၊ ငါးပွဲရှုံး၊ ၁၂ဂိုးသွင်း၊ ၁၁ဂိုးပေး၊ ၂၁မှတ်ဖြင့် ဆဋ္ဌမနေရာတွင်လည်းကောင်း၊ ရထားပို့ဆောင်ရေးအသင်းက ၁၄ပွဲကစား သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ ၁၀ပွဲရှုံး၊ ၁၇ဂိုးသွင်း၊ ၃၈ဂိုးပေး၊ ၁၀မှတ်ဖြင့် လယ်ဆည်နှင့် ရမှတ်ချင်းတူသော်လည်း ဂိုးကွာခြားချက်ဖြင့်အဆင့် ၁၅သို့လည်းကောင်း ပြန်လည်ရောက်ရှိသွားသည်။

**(အောင်ဆန်းကွင်း)**

**မြို့တော်စည်ပင် – တစ်ဂိုး**
**စွန်ရဲ – တစ်ဂိုး**

မြို့တော်စည်ပင်အသင်းက ၁၄ပွဲကစား ငါးပွဲနိုင် လေးပွဲသရေ၊ ငါးပွဲရှုံး၊ ၁၃ဂိုးသွင်း၊ ၁၃ဂိုးပေး၊ ၁၉မှတ်ဖြင့် အဋ္ဌမနေရာတွင်လည်းကောင်း၊ စွန်ရဲအသင်းက ၁၄ပွဲကစား၊ လေးပွဲနိုင် ငါးပွဲသရေ၊ ငါးပွဲရှုံး၊ ၁၇ဂိုးသွင်း၊ ၂၀ဂိုးပေး၊ ၁၇မှတ်ဖြင့် အဆင့်၁၁တွင်လည်းကောင်း ရပ်တည်နေသည်။

**(ယနေ့ပွဲ)**

**ညနေ ၃နာရီခွဲ**

(အောင်ဆန်းကွင်း)
ကာကွယ်ရေးနှင့်တပ်မတော်ကြည်း(က)
(သုဝဏ္ဏကွင်း)
တံခွန်နှင့် လယ်ဆည်

(ကြေးမုံ)

# ဘော်လီဘောမိသားစု သက်ကြီးပူဇော်ပွဲကျင်းပမည်

**ရန်ကုန် မတ် ၅**

ဘော်လီဘောမိသားစု လူမှုရေးအသင်းမှကြီးမှူး၍ ၂၀၀၆ ခုနှစ် တတိယအကြိမ်မြောက် သက်ကြီးပူဇော်ကန်တော့ပွဲကို ဧပြီ ၁ ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့အား/ကာသိပ္ပံ (ကျိုက္ကဆံ)သင်တန်းခန်းမ၌ ကျင်းပမည်။ ပူဇော်ကန်တော့ပွဲအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်များသည် မတ် ၂၅ရက် နောက်ဆုံးထား၍အလှူငွေနှင့် ပစ္စည်းများကို ဦးမြင့်သိန်း ဖုန်း-၀၉၅၀ ၁၃၆၃၃၊ ဦးတိုးမောင် ဖုန်း-၂၄၀၄၅၀၊ (အတွင်းရေးမှူး၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်၊အောင်ဆန်းကွင်း)နှင့် ဦးထွန်းလင်း (မန္တလေး၊ ဖုန်း-၀၂-၃၈၀၉၅)တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။(ကြေးမုံ)

# ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း

## အုတ်ဖိုစုဘူတာမှ အရှေ့ပိုင်းတက္ကသိုလ်(သန်လျင်)သို့ ဖောက်လုပ်မည့် ရထားလမ်းအူကြောင်းနှင့် ဘူတာဆောက်လုပ်မည့်နေရာ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၅

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်း လိုက်ပါလျက် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အုတ်ဖိုစုဘူတာမှ အရှေ့ပိုင်းတက္ကသိုလ်(သန်လျင်)သို့ ဆက်သွယ်ဖောက်လုပ်မည့် ရထားလမ်းအူကြောင်းနှင့် ဘူတာဆောက်လုပ်မည့် နေရာတို့ကို ကြည့်ရှုစစ်ဆေးရန် ယနေ့နံနက် ၆နာရီ ၄၅မိနစ်တွင် အုတ်ဖိုစုဘူတာသို့ ရောက်ရှိလာသည်။**

ဝန်ကြီးအား မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေနှင့် တာဝန်ရှိသူများက အုတ်ဖိုစုဘူတာမှ စောင့်ကြိုပြီး မြန်မာ့မီးရထားတိုင်းအမှတ်(၇)မှ အင်ဂျင်နီယာမှူး(မြို့ပြ) ဦးဌေးအောင်က အုတ်ဖိုစု–အရှေ့ပိုင်းတက္ကသိုလ်(သန်လျင်) ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေတို့ကို ဇယားချပ်ဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဦးဖေသန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဝန်ကြီးသည် တင်ပြချက်များအပေါ် ဖြည့်စွက်မှာကြားပြီးနောက် အရှေ့ပိုင်းတက္ကသိုလ် ဘူတာဆောက်လုပ်မည့် မြေနေရာကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။ အထွေထွေမန်နေဂျာ(မြို့ပြ) ဦးသီဟန်က အုတ်ဖိုစု–အရှေ့ပိုင်းတက္ကသိုလ် ရထားလမ်းအူကြောင်း မြေဖို့ပြီးစီးမှု၊ ဘူတာဆောက်လုပ်မည့် မြေနေရာနှင့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့မှတစ်ဆင့် ဝန်ကြီးသည် လော်ကားဘူတာသို့ရောက်ရှိရာ ကုန်းလမ်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းအောင်၊ မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ ဦးလှရီနှင့် တာဝန်ရှိသူများက လော်ကားဘူတာ၏ နေ့စဉ်ခရီးသည် ပို့ဆောင်မှုအခြေအနေ၊ ဘူတာနှင့် ကွန်ပျူတာတက္ကသိုလ် ဆက်သွယ်သည့် လမ်းကြောင်းအခြေအနေများကို တင်ပြသည်။ ဝန်ကြီးက တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ အချိန်ကုန်၊ ငွေကုန်သက်သာစေရေးအတွက် ဒဂုံတက္ကသိုလ်နှင့် ရန်ကုန်ကို **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❐

| |
|---|
| **နိုင်ငံရေး ဦးတည်ချက် (၄)ရပ်** |
| ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး |
| ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး |
| ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး |
| ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး |
| **စီးပွားရေး ဦးတည်ချက် (၄)ရပ်** |
| ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး |
| ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး |
| ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး |
| ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး |
| **လူမှုရေး ဦးတည်ချက် (၄)ရပ်** |
| ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး |
| ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး |
| ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး |
| ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |



ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အုတ်ဖိုစုဘူတာမှ အရှေ့ပိုင်းတက္ကသိုလ်(သန်လျင်)သို့ ဆက်သွယ်ဖောက်လုပ်မည့် ရထားလမ်းအူကြောင်းနှင့် ဘူတာဆောက်လုပ်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

# ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ရခိုင်ကမ်းလွန်ရေနံရှာဖွေရေး လုပ်ကွက်အမှတ် A-3 အစမ်းတွင်းအမှတ် မြ(၁) သဘာဝဓာတ်ငွေ့ မီးရှို့စမ်းသပ်ခြင်း ကြည့်ရှုစစ်ဆေး

## မြသဘာဝဓာတ်ငွေ့သိုက်တွင် သဘာဝဓာတ်ငွေ့ နှစ်ထရီလီယံကုဗပေခန့် ခိုအောင်းနိုင်

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီ ရခိုင်ကမ်းလွန်ဒေသ ကမ်းလွန်ရေနံရှာဖွေရေး လုပ်ကွက်အမှတ် A-3 တွင် သဘာဝဓာတ်ငွေ့ မီးရှို့စမ်းသပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)



ရန်ကုန် မတ် ၅

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် စွမ်းအင်ဝန်ကြီးဌာနနှင့် Daewoo E&P Myanmar ကုမ္ပဏီတို့မှ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရခိုင်ကမ်းလွန်ဒေသ ကမ်းလွန်ရေနံရှာဖွေရေးလုပ်ကွက် အမှတ် A-3 တွင် အစမ်းတွင်းအမှတ် မြ(၁)အား သဘာဝဓာတ်ငွေ့ မီးရှို့စမ်းသပ်ခြင်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ ဝန်ကြီးသည် တွင်းတူးဖော်ရေးစင် Nan Hai II ပေါ်သို့ သွားရောက်သည်။ ဝန်ကြီးအား တူးဖော်ရေးစင်ပေါ်ရှိ ရှင်းလင်းဆောင်တွင် Daewoo E&P Myanmar ကုမ္ပဏီ Managing Director ဖြစ်သူ Dr. S. Y. Yeong က Nan Hai II တွင်းတူးစက်ဖြင့် အောင်မြင်စွာ တူးဖော်စမ်းသပ်ခဲ့သည့် မြအစမ်းတွင်း အမှတ်(၁)၏ သဘာဝဓာတ်ငွေ့တွေ့ရှိမှု အခြေအနေများ၊ လုပ်ကွက် A-1 တွင် တွေ့ရှိပြီးဖြစ်သည့် သဘာဝဓာတ်ငွေ့သိုက်များနှင့် ဆက်စပ်နိုင်းယှဉ် တွေ့ရှိရချက်များ၊ ယင်းသဘာဝဓာတ်ငွေ့သိုက်များမှ သဘာဝ ဓာတ်ငွေ့ ထုတ်လုပ်ရောင်းချသွားနိုင်ရေး ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ လုပ်ကွက် A-3 တွင် ထပ်မံတွေ့ရှိနိုင်မည့် ပေနက်ပိုင်းအလားအလာများ၊ တွင်းတူးဖော် စမ်းသပ်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက လုပ်ကွက်အမှတ် A-1 နှင့် A-3 တို့တွင် စမ်းသပ်ရရှိထားပြီးဖြစ်သည့် ရွှေသဘာဝဓာတ်ငွေ့သိုက်၊ ရွှေဖြူသဘာဝဓာတ်ငွေ့သိုက်နှင့်မြသဘာဝဓာတ်ငွေ့သိုက်တို့၏ ခိုအောင်းနိုင်မည့် သဘာဝဓာတ်ငွေ့ ပမာဏ တွက်ချက်ရရှိမှုများအရ အိမ်နီးချင်းနိုင်ငံများသို့ ပိုက်လိုင်းဖြင့် ပို့လွှတ်ရောင်းချနိုင်မည့် **စာမျက်နှာ ၉ ကော်လံ ၃ သို့** ●